ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ စနေနေ့၊ (16-7-2005) (၄၆၅၈)

မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက်မှု သိသိသာသာရရှိနေ

မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးမှုကွာဟချက် သိသာစွာနည်းပါးလာ

အမျိုးသမီးများသည် အမျိုးသားများနှင့် အခွင့်အရေးတန်းတူခံစားရ

မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ဖွံ့ဖြိုးရေး ပါဝင်စွမ်းဆောင်ခွင့်ရရှိ

၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မိန့်ခွန်းပြောကြား

ဆုချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် တတိယဆုရ ဦးလှထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၅

၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းစသော ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများနှင့် ၂၀၀၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာ၊ စာစီစာကုံးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့တွင် ဆုရရှိကြသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအနေနှင့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားများကို အထူးအလေးအနက်ထားပြီး နှစ်စဉ်မပျက် ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၁၆)ကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ဆောင်ပုဒ်မှာ **"အမျိုးသမီးများ အရေးပါမှု အလေးထား၊ ကမ္ဘာမြေဖွံ့ဖြိုးမှုအတွက် စွမ်းဆောင်အား"**ဖြစ်ကြောင်း။

၁၉၉၄ ခုနှစ် ကိုင်ရိုမြို့မှာကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (International Conference on Population and Development-ICPD) သည် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

▶ *နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် လမ်းသစ်၊ တံတားသစ်များစွာကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနေသည်။ အဆိုပါ လမ်းသစ်၊ တံတားသစ်များစွာတို့သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုလျက်ရှိရုံသာမက တိုင်းရင်းသားချင်း ကူးလူးဆက်သွယ် ချစ်ကြည်ရင်းနှီးမှုကိုလည်း အထောက်အကူပြုလျက်ရှိပေသည်။*
ခေါင်းကြီး (စာမျက်နှာ–၂)

▶ *ယခုအချိန်အခါတွင် ကျွန်မတို့ မြန်မာအမျိုးသမီးများသည် သမားရိုးကျ အတွေးအခေါ်များဖြင့်သာ တင်းတိမ်နေရမည့် အချိန်မဟုတ်တော့ပါ။*
မန်းခင်ခင်၏ "အမျိုးသမီးများနှင့် ဗဟုသုတ"
ဆောင်းပါး (စာမျက်နှာ–၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

The Mirror
၁၆–၇–၂၀၀၅
(စနေနေ့)

တံတားကြီးများ ရေရှည်ကြံ့ခိုင်ရေး စစ်ဆေးထိန်းသိမ်း တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီရေးကြိုးပမ်း

နယ်မြေဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့် အမျှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်စီးပွားရေးလုပ်ငန်းများ တိုးတက်လာပြီး ဒေသ၏စီးပွားရေး၊ လူမှုရေးအခြေအနေများပါ တိုးတက်မြင့်မားလာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် လမ်းသစ်၊ တံတားသစ်များစွာကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနေသည်။ အဆိုပါ လမ်းသစ်၊ တံတားသစ် များစွာတို့သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုလျက်ရှိရုံသာမက တိုင်းရင်းသားချင်း ကူးလူးဆက်သွယ် ချစ်ကြည်ရင်းနှီးမှုကိုလည်း အထောက်အကူပြုလျက်ရှိပေသည်။

သံလွင်တံတား (မော်လမြိုင်)သည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးကို အကျိုးပြုလျက်ရှိသည့် တံတားများတွင် တစ်စင်းအပါအဝင်ဖြစ်ပြီး မြန်မာနိုင်ငံ၌ အရှည်ဆုံးသော တံတားကြီးဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဇူလိုင်လ ၁၂ ရက်နှင့် ၁၃ ရက်နေ့က ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သို့သွားရောက်၍ တာဝန်ရှိသူများအား ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ကြရေး မှာကြားသည်။

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ခရီးစဉ်အတွင်း ဇူလိုင်လ ၁၃ ရက်နေ့က မော်လမြိုင်ဘက်ကမ်းရှိ သံလွင်တံတား (မော်လမြိုင်)ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် **တံတားကြီး တည်ဆောက်ထားသည့်နေရာမှာလည်း မြစ်ကြီးသုံးစင်းဆုံရာ ရေနက်၍ ရေစီးသန်သည့် နေရာဖြစ်သည့်အတွက် တံတားကြီး ရေရှည်ကြံ့ခိုင်ရေး အတွက် ရေစီးရေလာနှင့် ရေကြောင်းပြောင်းလဲမှု အခြေအနေများကို အမြဲမပြတ်စစ်ဆေးပြီး ဂရုပြုထိန်းသိမ်းသွားကြရန်** မှာကြားသွားသည်။

သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)၏ ပင်မတံတားသည် ရထားလမ်းနှင့် ကားလမ်းတစ်ပြိုင်တည်း သွားလာနိုင်သည့် တံတား ဖြစ်ပြီး မုတ္တမဘက်ကမ်းနှင့် မော်လမြိုင်ဘက်ကမ်းတို့တွင် ချဉ်းကပ် ရထားလမ်း တံတားနှင့် ချဉ်းကပ်ကားလမ်း တံတားများပါဝင်သည်။

သံလွင်တံတား(မော်လမြိုင်)၏ ကားလမ်းတံတားကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ပြီး ရထားလမ်းပိုင်းများ အချိန်မီပြီးစီး ဖွင့်လှစ်နိုင်ရေး ဆက်လက်တည်ဆောက်လျက်ရှိသည်။ ယခုအခါ မုတ္တမဘက်ကမ်းနှင့် မော်လမြိုင်ဘက်ကမ်းတို့မှ မီးရထား ချဉ်းကပ်တံတားလုပ်ငန်းများ ရာခိုင်နှုန်း ၄၀ ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်သည်။

သံလွင်တံတား(မော်လမြိုင်)ရထားလမ်း တည်ဆောက်ပြီးစီးသွားပါက ရန်ကုန်မှ ထားဝယ်သို့ရထားဖြင့် တစ်ဆက်တည်း တောက်လျှောက် သွားလာနိုင်ကြမည်ဖြစ်သည်။

ယခုအခါ သံလွင်တံတား(မော်လမြိုင်)တံတားပေါ်မှ နေ့စဉ် မော်တော်ယာဉ်အစီး ၉၀၀ ကျော်၊ ဆိုင်ကယ် ၁၃၀၀ ကျော်၊ စက်ဘီးနှင့် ခြေကျင်ခရီးသွားများ လွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာ လျက်ရှိသည်။

နိုင်ငံတော်တွင် ယခုကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ပြီး အဆင့်အတန်းရှိရှိ သွားလာနေထိုင်နိုင်ရေး အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများစွာကို တည်ဆောက် ပေးနိုင်နေခြင်းမှာ တိုင်းရင်းသား ပြည်သူများ၏ စည်းလုံးညီညွတ်မှု အင်အားနှင့် ရပ်ရွာဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အင်အားတို့ ခိုင်မာစွာရှိနေ၍ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် တည်ဆောက်ပေးထားသည့် တံတားကြီးများ ရေရှည်ကြံ့ခိုင်ရေးအတွက် တည်ဆောက်ရေးဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် အမြဲမပြတ် စစ်ဆေးထိန်းသိမ်းကြရန်နှင့် တည်ဆောက်ဆဲ စီမံကိန်းလုပ်ငန်းများကိုလည်း စံချိန်စံညွှန်း အရည်အသွေးမီရေး အလေးထားကြိုးပမ်း တည်ဆောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူနှင့် ထိုင်းမှ ဧည့်သည်များ တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ New Skies Satellites **မှ** Asia Pacific, Sales Director, Mr.Matthew Oh **သည် ယနေ့ ညနေ ၄ နာရီခွဲတွင်လည်းကောင်း** (အပေါ်ပုံ)၊ **ထိုင်းနိုင်ငံ** Shin Satellite Public Company Limited **မှ** Asia-Pacific Regional Manager, Mr.Nuthapong Temsiripong **သည် ညနေ ၅ နာရီတွင်လည်းကောင်း ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။**

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲ များနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ငမိုးရိပ် ဂျိုးဖြူရေပိုက်လိုင်းသစ် ဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့ နံနက်ပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်သော စံပြ/စီမံကိန်းရပ်ကွက် ငမိုးရိပ်ဂျိုးဖြူရေပိုက်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် နံနက် ၉ နာရီတွင် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် စံပြ (၅)လမ်းထိပ်မုခ်ဦးသို့ ရောက်ရှိလာပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် ဗဟိုအလုပ်အမှုဆောင်နှင့် ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသော မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် ရပ်ကွက်ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌ ဦးအေးလှိုင်တို့က မင်္ဂလာရှေ့ကြိုးကိုဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသော မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်တို့သည် အမက(၃)၌ ရေပိုက်လိုင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် အခမ်းအနားသို့ တက်ရောက်၍ မြို့တော်ဝန်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

ထိုနောက် ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၅၂၂စောင် ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန်က အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်ပြီး ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ၊ ဒုတိယမြို့တော်ဝန်က မှတ်တမ်းတင် ဂုဏ်ပြုလွှာ ပေးအပ်သည်။ (၁၉)

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက မန္တလေးတိုင်းအတွင်းရှိ ဒုဋ္ဌဝတီ(မြစ်ငယ်) မြစ်ပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Joint Venture Consortium of CITIC Technology Co., Ltd and Sinohydro Corporation Limited **တို့ ကန်ထရိုက်စာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ဟိုတယ်နီကိုခန်းမ၌ ကျင်းပသည်။**

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့် သံရုံးအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Technology Co., Ltd. နှင့် Sinohydro Corporation Limited တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အခမ်းအနားတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမှာစကားပြောကြားပြီး CITIC Group ဥက္ကဋ္ဌ Mr. Kong Dan က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ရဲရွာရေအား လျှပ်စစ်စီမံကိန်းနှင့် ပတ်သက်သည့် ကန်ထရိုက်စာချုပ်များကို ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်၊ CITIC Technology Co., Ltd. ကုမ္ပဏီဥက္ကဋ္ဌ Mr. Sun Xiaowen နှင့် Sinohydro Corporation Limited ဒုတိယမန်နေဂျင်းဒါရိုက်တာ Mr.Zhang Yunli တို့က လက်မှတ်ရေးထိုးကြသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် မန္တလေးတိုင်း မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ မဂ္ဂါဝပ် ၇၉၀ တပ်ဆင်စက်အင်အားရှိ၍ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၃၅၅၀ ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

ယခုချုပ်ဆိုသော ကန်ထရိုက်စာချုပ်များမှာ ရဲရွာရေအားလျှပ်စစ် စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၉၅ သန်းတန်ဖိုးရှိ ဂိတ်တံခါးများ၊ ဖိအားမြှင့်ပိုက်လိုင်းများ၊ သံထည်ပစ္စည်းများ ပေးသွင်းရန် စာချုပ်နှင့် အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၁၃၃ သန်းတန်ဖိုးရှိ တာဘိုင်ဂျင်နရေတာ၊ ထရန်စဖော်မာများ စသည့် လျှပ်စစ်ပစ္စည်းများ ပေးသွင်းတပ်ဆင်ခြင်း စာချုပ်များ ဖြစ်ကြသည်။

ဝယ်ယူတင်သွင်း

အဆိုပါ ပစ္စည်းများကို နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းသွားမည်ဖြစ်သည်။

ရဲရွာရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားများကို ကျောက်ဆည်၊ မိတ္ထီလာမြို့များကို ဖြတ်သန်းလျက် ၂၃၀ ကေဗွီ နှစ်ထပ်လိုင်းများ တည်ဆောက်၍ လက်ရှိ မဟာဓာတ်အားလိုင်းစနစ်မှ တစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမည်ဖြစ်သည့်အပြင် မန္တလေးဓာတ်အားခွဲရုံသို့လည်း ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဆက်သွယ်၍ မြန်မာနိုင်ငံ အထက်ပိုင်းသို့လည်း ဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်သည့် ကန်ထရိုက်စာချုပ်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Technology Co., Ltd. ကုမ္ပဏီဥက္ကဋ္ဌ Mr. Sun Xiaowen နှင့် Sinohydro Corporation Limited ဒုတိယ မန်နေဂျင်းဒါရိုက်တာ Mr. Zhang Yunli တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ် (၀၁၃) ဖွင့်ပွဲ အလုံမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၁၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ အလုံမြို့နယ် အလုံကမ်းနားလမ်းရှိ အဆိုပါ အရောင်းဆိုင်ရှေ့၌ ကျင်းပရာ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်နှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးသိန်းဌေးက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး အရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဆိုင်အမှတ်(၀၁၃)တွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

မြိတ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ်(၆၈) မြိတ်အသင်း၌ ရန်ကုန်မြို့ပေါ်ရှိ မြိတ်ကျောင်းများမှ သံဃာတော်များအား ဇူလိုင်၃၀ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ ကြွရောက်ပူဇော်ကြရန်နှင့် လှူဒါန်းလိုသူများ မြိတ်အသင်း ဖုန်း-၂၂၄၃၄၀၊ ဦးအေးညိမ်း ဖုန်း-၃၈၂၀၈၂၊ ဦးအင်ဟို ဖုန်း-၂၂၅၆၆၀၊ ဦးတင်ဝမ်း ဖုန်း-၂၉၃၅၃၅ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ခေမာဝါသရိပ်သာ သီလက္ခန်စာဝါပို့ချမည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သုခလမ်း ခေမာဝါသ သာသနာ့ရိပ်သာ၌ ဘဒ္ဒန္တဝိမလာစာရာဘိဝံသ (သကျသီဟ+သဒ္ဓမ္မပါလ+အစိုးရ=ဓမ္မာစရိယ) ဆရာတော်က ဇူလိုင် ၂၄ရက် (တနင်္ဂနွေနေ့)မှစ၍ နေ့စဉ် မွန်းလွဲ ၂နာရီမှ ညနေ ၃နာရီအထိ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာစာဝါ ပို့ချပေးမည်ဖြစ်ရာ ဓမ္မာစရိယတန်း ဝင်ရောက်ဖြေဆိုမည့် အရှင်သူမြတ်များသည် ခေမာဝါသ သာသနာ့ရိပ်သာသို့ ကြွရောက်၍ စာဝါလိုက်နိုင်ကြောင်း သိရသည်။ (၆၁)

မိဘနှစ်ပါးအား ရည်စူး၍ အမှတ် (၁၆) ခတ္တာလမ်း စမ်းချောင်းမြို့နယ်နေ ဒေါ်ညိမ်းညိမ်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (ကြေးမုံ)

ဖက်ပင်အိုင်စာသင်တိုက် ဝါဆိုသင်္ကန်းလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်၊ ဓ/မြောက် ရပ်ကွက် ဖက်ပင်အိုင်စာသင်တိုက်၌ ဝါဆိုဝါကပ်ပြုတော်မူကြမည့် ဆရာတော် ဘဒ္ဒန္တဂန္ဓမာဘိဝံသ အမှူးပြုသော စာချ၊ စာသင် သံဃာတော်အပါး ၂၀၀ တို့အား ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီတွင် ဝါဆိုသင်္ကန်း လှူဒါန်းမည်ဖြစ်သည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၇-၂၀၀၅ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်လောက်လမ်းနှိမ်နင်းပေး
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ပြည်တွင်းသတင်းအကျဉ်း
၇:၃၀	လိပ်ပုတ်သင်ညို
၇:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	UEFA European Championships The Stars Vignettes
၈:၃၅	မိုးလေဝသခန့်မှန်းချက်
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	ယဉ်ကျေးမှုတက္ကသိုလ်(ဂီတဌာန)
၈:၅၀	ပြည်တွင်းသတင်းအကျဉ်း
၉:၀၀	ဧရာဝတီလင်းပိုင်
၉:၁၅	တေးဂီတအစီအစဉ်
၉:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅	ရေဆေးချက်စရာမလိုတဲ့ဆန်
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	ဗီစီဒီမိတ်ဆက်(လူရွှင်တော်)
၁၀:၁၅	သံပုံထောင်းခြင်းဆိုင်ရာနည်းပညာ
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား တံခွန်စိုက်အလေးမပြိုင်ပွဲ (အမျိုးသားအလွတ်တန်း)
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	ဆန်းသစ်လာသော မြန်မာ့ချည်ထည်ဒီဇိုင်းများ
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ကန်နှင့်အီးယူမှ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မှု ကျူးဘားသမ္မတ ဖီဒယ်လ်ကက်စထရို လက်မခံပယ်ချ

ဟာဗားနား ဇူလိုင် ၁၄

ကျူးဘားနိုင်ငံတွင် ဒင်းနစ်ဟာရီကိန်းမုန်တိုင်းကျရောက်ခြင်းကြောင့် အနည်းဆုံး လူ ၁၆ ဦးသေဆုံးခဲ့ပြီး ပျက်စီးမှုလည်းများပြားခဲ့သည်။ ၎င်းနိုင်ငံသို့ အမေရိကန်နှင့်ဥရောပသမဂ္ဂမှ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ခြင်းကို ကျူးဘားသမ္မတ ဖီဒယ်လ်ကက်စထရိုက ငြင်းပယ်ခဲ့သည်ဟု ဒေသဆိုင်ရာ သတင်းဌာနက အင်္ဂါနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ကျူးဘားနိုင်ငံတွင် ဒင်းနစ် ဟာရီကိန်းမုန်တိုင်း ကျရောက်မှုကြောင့် ပျက်စီးသွားသော ပစ္စည်းများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံဖိုးမျှရှိသည်။ ထို့အပြင် ပြည်သူ ၂ ဒသမ ၅ သန်းသည် သောက်သုံးရေများ ပြတ်လပ်ခြင်းနှင့် တွေ့ကြုံရပြီး ပြည်သူတစ်သန်းသည်လည်း ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အဆိုပါ သတင်းဌာနက ဖော်ပြခဲ့သည်။

ဝင်ရောက်

ဟာရီကိန်းမုန်တိုင်းသည် ကျူးဘားနိုင်ငံသို့ ပြီးခဲ့သော သောကြာနေ့တွင် ဖြတ်သန်းဝင်ရောက်လာခဲ့သည်။ ထိုမုန်တိုင်းကျရောက်ခြင်းကြောင့် လျှပ်စစ်တာဝါတိုင် ၃၆ တိုင် ပြိုလဲကျကာ မီးရထားလမ်းအရှည်ကီလိုမီတာ ၂၀ ယာဉ်သွားလမ်းများ ပျက်စီးပြီး နှင့်ကျောင်းပေါင်း ၂၇၀ လည်း ပြိုပျက်ခဲ့သည်ဟု သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ ဟာရီကိန်းမုန်တိုင်း ကျရောက်မှုကြောင့် အိမ်ပေါင်း ၁၂၀၀၀၀ ထိခိုက်ပျက်စီးခဲ့ရပြီး ယင်းအနက်မှ အိမ်ပေါင်း ၁၅၀၀၀ မှာ လုံးဝပျက်စီးခဲ့သည်ဟု ကျူးဘားနိုင်ငံ သမ္မတကက်စထရိုက ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် မီးရထားပေါ်၌ လုံခြုံရေးဆောင်ရွက်နေသော ပြင်သစ် ရဲတပ်ဖွဲ့ဝင်များကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြို့တော်လန်ဒန်တွင် လုံခြုံရေးတပ်လှန့်ထား ပြည်သူများ စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်နေဆဲ

လန်ဒန် ဇူလိုင် ၁၄

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ပြီးခဲ့သည့် ရက်သတ္တပတ်က ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် ပြည်သူများအတွင်း စိုးရိမ်ပူပန်မှုများပေါ်ပေါက်လျက်ရှိစဉ် အစိုးရအာဏာပိုင်များက လုံခြုံရေးကို အမြင့်ဆုံး တပ်လှန့်ထားကြောင်း သည်တိုင်းမ်စ်သတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

တပ်လှန့်

လုံခြုံရေးဌာနများ၊ စစ်ဘက်နှင့် ရဲတပ်ဖွဲ့တို့တွင် မကြုံစဖူး ထူးထူးခြားခြား တပ်လှန့်ထားကြောင်း၊ မြေအောက်ရထား ဘူတာရုံနှင့် လန်ဒန်ဘတ်စ်ကားတစ်စီးပေါ်တွင် ဗုံးဖောက်ခွဲရာ၌ ပါဝင်ပတ်သက်နေသူများသည် ဗုံးပေါက်ကွဲမှုများအတွင်း သေဆုံးသွားခြင်း မရှိသဖြင့် ပြည်သူများမှာ နောက်ထပ် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံပေါ်ပေါက်နိုင်သည့်အရေးကို စိုးရိမ်ပူပန်လျက်ရှိကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

ပေါ်ပေါက်နိုင်

ဗြိတိန်နိုင်ငံတွင် အကြမ်းဖက်သူများ၏ တိုက်ခိုက်မှု ထပ်မံပေါ်ပေါက်နိုင်သေးကြောင်း ဗြိတိသျှ သယ်ယူပို့ဆောင်ရေးရဲတပ်ဖွဲ့ ဒုတိယအကြီးအကဲ အင်ဒီထရော့တာက ပြောကြားသည်။

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်တွင် ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုများနှင့် လွန်ခဲ့သည့်နှစ်က စပိန်နိုင်ငံ မဒရစ်မြို့တွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများ တူညီခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းကပြောကြားသည်။

ရောက်ရှိ

အကြမ်းဖက် သမားများသည် လန်ဒန်မြို့လယ်တွင် ဗုံးဖောက်ခွဲမှုများ မပြုလုပ်မီ ကင်းခရော့စ် မြေအောက်ရထားဘူတာရုံသို့ အတူတကွ ရောက်ရှိလာခဲ့သည်ဟု ယူဆရကြောင်း၊ ယင်းနောက်တွင်မှ လူစုခွဲကာ ဗုံးခွဲမှုများ ပြုလုပ်ခဲ့ပုံရကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ချက်တပ်ဖွဲ့ဝင် ၈၆ ဦး ကိုဆိုဗိုသို့ စေလွှတ်

ပရာဟာ ဇူလိုင် ၁၄

ဘော်လကန်ဒေသရှိ ကိုဆိုဗိုတွင် တာဝန်ထမ်းဆောင်နေသည့် ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်များ၏နေရာတွင် အစားဝင်ရောက်ရန်အတွက် ချက်နိုင်ငံ စစ်ဘက်က ပရာဟာမြို့တော်မှ ပြဿနာဖြစ်ပွားနေသော ယင်းဒေသသို့ တပ်ဖွဲ့ဝင် ၈၆ ဦးကို တနင်္လာနေ့က စေလွှတ်ခဲ့သည်။ တပ်ဖွဲ့ဝင်အစားထိုးမှုကို ခြောက်လတစ်ကြိမ် ပြုလုပ်နေကျဖြစ်ပြီး ချက် တပ်ဖွဲ့ဝင် ယခင်က ၈၀ ရှိခဲ့ရာမှ ၁၀၀ အထိ တိုးမြှင့်စေလွှတ်ခဲ့သည်။ တပ်ဖွဲ့ ဝင် ၆၆ ဦးမှာ ဌာနေပြန်ကြပြီဖြစ်ကြောင်း စီတီကေသတင်း ဌာနက ဖော်ပြသည်။

ချက်နိုင်ငံက ကုလသမဂ္ဂ ငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့ဝင်ကို ၅၀၀ အထိ တိုးမြှင့်ရန် စီစဉ်နေသည်ဟု ဆိုသည်။

ကိုဆိုဗိုသည် ဆာဘီးယား-မွန်တီနီဂရိုး ပြည်နယ်အဖြစ် တရားဝင်တည်ရှိနေသည်။ ဆာ့ဘ်လူမျိုးများနှင့် ဒေသခံလူမျိုးစုငယ်အယ်လ်ဘေးနီးယားခွဲထွက်ရေးသမားများအတွင်း ပဋိပက္ခဖြစ်နေမှု ရပ်ဆိုင်းစေရန် နေတိုးအဖွဲ့က ၇၈ ရက်ကြာ လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီး ၁၉၉၉ ခုနှစ်နောက်ပိုင်းတွင် ကုလသမဂ္ဂကကြီးကြပ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တန်ဇန်းနီးယားတွင် သဘာဝဓာတ်ငွေ့သိုက်အသစ်တွေ့ရှိ

ဒါရက်ဆလမ် ဇူလိုင် ၁၄

တန်ဇန်းနီးယားနိုင်ငံ တောင်ပိုင်းတွင် ဓာတ်ငွေ့သိုက်အသစ်တစ်ခုကို မကြာသေးမီက ဘူမိဗေဒ ကွင်းဆင်းတိုင်းတာရေးအဖွဲ့များက ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါ ဓာတ်ငွေ့သိုက်အသစ်မှ ဓာတ်ငွေ့များကို နေ့စဉ် ကုဗပေ ၁၀ သန်းကို ထုတ်ယူသုံးစွဲနိုင်မည်ဟု သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဓာတ်ငွေ့သိုက်အသစ်တွေ့ရှိခြင်းကို တန်ဇန်းနီးယား လွှတ်တော်၌ အင်္ဂါနေ့တွင် ထုတ်ဖော်တင်ပြခဲ့သည်။

ထိုဓာတ်ငွေ့သိုက်အသစ်ကို ဒေသတွင်း လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရာတွင် လည်းကောင်း၊ ပြည်ပသို့ တင်ပို့ရာတွင်လည်းကောင်း အသုံးပြုသွားမည်ဟု တန်ဇန်းနီးယား စွမ်းအင်နှင့် ဓာတ်သတ္တုဝန်ကြီး ဒါနီလ်ရိနာက လွှတ်တော်သို့ တင်ပြခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်မြို့ အလယ်ပိုင်းရှိ ရဲစခန်းတစ်ခုအနီးတွင် ကားဗုံးပေါက်ကွဲပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော အီရတ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်နိုင်ငံတွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား အလုပ်သမားများကို ရွှေ့ပြောင်းပေးခဲ့ရ

မဒရစ် ဇူလိုင် ၁၄

စပိန်နိုင်ငံမှ ခွဲထွက်ရေးသမားအုပ်စု အီးတီအေအဖွဲ့က နိုင်ငံမြောက်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားမည်ဖြစ်ကြောင်း သတိပေးခဲ့ပြီးနောက် မကြာမီမှာပင် ဗုံးလေးလုံး ပေါက်ကွဲသွားခဲ့သည်။

အဆိုပါ အဖြစ်အပျက်မှာ ဇူလိုင် ၁၂ ရက်က ဓာတ်အားပေးစက်ရုံအနီးတွင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ သတိပေးချက်ရရှိပြီးနောက် ရဲတပ်ဖွဲ့ဝင်များက ဓာတ်အားပေးစက်ရုံမှ လုပ်သား ၂၅၀ တို့ကို ရွှေ့ပြောင်းပေးခဲ့ကြသည်။ ထိုသို့ ရွှေ့ပြောင်းပေးအပြီးနောက် နာရီဝက်အကြာတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်၍ အသေအပျောက်အထိအခိုက်မရှိကြောင်း သိရှိရသည်။ ပေါက်ကွဲမှု ဖြစ်ပွားရာအရပ်မှာ ဘာစကျူးဒေသ ဗစ်ကာယာပြည်နယ် အာမိုရီဘီတာမြို့တွင် ဖြစ်သည်။

ကြေညာ

အီးတီအေပြောက်ကျားများ အနေဖြင့် အကြမ်းဖက်မှုကို စွန့်လွှတ်လျှင် အစိုးရက ၎င်းတို့နှင့် ဆွေးနွေးမည်ဖြစ်ကြောင်း မေလတွင် ကြေညာထားခဲ့ပြီးဖြစ်သည်။ ထိုကြေညာချက်ထွက်ပေါ်ခဲ့ပြီးနောက်ပိုင်းတွင် ယခုတိုက်ခိုက်မှုသည် နောက်ဆုံးတိုက်ခိုက်မှုပင်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါ တိုက်ခိုက်မှုကို စပိန်ကာကွယ်ရေးဝန်ကြီး ဂျို့စ်အင်တိုနီယို အာလွန်ဆိုက ရှုတ်ချကြောင်း ကြေညာခဲ့ပြီး အီးတီအေအဖွဲ့ကိုလည်း ဆက်လက် တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်တွင် အခြေအနေများ တင်းမာလျက်ရှိ ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် အလောင်း ၁၂ လောင်းတွေ့ရှိရ

ဘဂ္ဂဒက် ဇူလိုင် ၁၄

ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် မည်သူမည်ဝါဟု မသိသော အရပ်သား၁၂ဦး၏ ရုပ်အလောင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ တွေ့ရှိခဲ့သည်ဟု အီရတ်ကာကွယ်ရေးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ဘဂ္ဂဒက်မြို့အရှေ့ဘက် ကက်စ်ဝါအက်ရှ်ဒေသမှ သေဆုံးနေသော ရုပ်အလောင်းကိုးလောင်းကို ချောဝါဒါဆေးရုံနှင့် ကွာဒီရှိဆေးရုံသို့ ဇူလိုင် ၁၁ ရက်တွင် ပို့ဆောင်ခဲ့ပြီး ထိုကိစ္စကို တပ်ဖွဲ့ဝင်များက အပူတပြင်း လိုက်လံစုံစမ်း လျက်ရှိနေသည်ဟု အဆိုပါ ဌာနက ပြောကြားသည်။

သေဆုံးနေသော ရုပ်အလောင်းများ၏ပုံစံသည် ကွပ်မျက်ခြင်းကြောင့် သေဆုံးရသည့်ပုံစံဖြစ်ပြီး ၎င်းတို့သည် အသက်ကြီးပိုင်းအရွယ် အမျိုးသားများဖြစ်ကြသည်ဟုဆိုသည်။

ဘဂ္ဂဒက်မြို့ အရှေ့ဘက် ဆာဒါမြို့ ဒက်စ်ဟီလဂါရိတ် အနီးတွင်လည်း ရုပ်အလောင်းတစ်ခုကို အရပ်သားတစ်ဦး၏ သတင်းပေးချက်အရ ကင်းလှည့်တပ်ဖွဲ့များက တွေ့ရှိခဲ့သည်။ ၎င်းသည်လည်း အသက်ကြီးပိုင်း အမျိုးသားဖြစ်ပြီး မသေဆုံးမီ အနှိပ်စက်ခံထားရသည်ဟု ထင်မြင်ယူဆရသည်။

အလားတူအချိန်တွင် ကက်စ်ဝါအက်ရှ်ဒေသတွင်လည်း လည်ပင်းတွင် ဒဏ်ရာဖြင့် သေဆုံးနေသော ရုပ်အလောင်းနှစ်လောင်းကို တွေ့ရှိခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဇမ်ဗီဘာတွင် ကလေးအသေအပျောက်နှုန်းမြင့်တက်

ဒါရက်ဆလမ် ဇူလိုင် ၁၄

တန်ဇန်းနီးယားနိုင်ငံ ဇမ်ဗီဘာကျွန်းတွင် နို့စို့အရွယ်ကလေး အသေအပျောက်နှုန်းမှာ ၁၀၀၀ လျှင် ၁၀၂ ဦးရှိကြောင်း၊ ယင်းအခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်ကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဇမ်ဗီဘာကျွန်းတွင် လူဦးရေတစ်သန်းမျှပင် မရှိကြောင်း၊ နို့စို့အရွယ်ကလေး အသေအပျောက်နှုန်းမှာ စိုးရိမ်ဖွယ်ဖြစ်ကြောင်း ယူနီဆက်ကိုယ်စားလှယ် ရော့နီဖိလစ်ကဇမ်ဗီဘာအစိုးရကို သတိပေးထားကြောင်းသတင်းများတွင် ဖော်ပြသည်။

ဇမ်ဗီဘာတွင်ကလေးအသေအပျောက်နှုန်းမြင့်တက်နေရခြင်းမှာ ဆင်းရဲမွဲတေမှု၊ ပညာမတတ်မှုနှင့် လူမှုရေးဝန်ဆောင်မှု လုပ်ငန်းများ ညံ့ဖျင်းမှုတို့ကြောင့် ဖြစ်ရကြောင်း ဖိလစ်ကပြောကြားသည်။

ရေကောင်းရေသန့် ရရှိရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးကဲ့သို့သောလူမှုရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဦးတည်လျက် နို့စို့အရွယ်ကလေး အသေအပျောက်နှုန်း လျှော့ချရေးအတွက် ယူနီဆက်ကဇမ်ဗီဘာကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း ၎င်းကကတိပြုပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

▌အရှေ့ တရုတ်ပင်လယ်တွင် တည်ဆောက်ဆဲ ရေနံတွင်း တူးစင်တစ်ခုကို ဇူလိုင် ၁၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေး ဂျီဒီပီမြင့်မားရန်လို မလေးရှား၏ စီးပွားရေး အဆင့် ၅၉တွင် ရောက်ရှိ

ကွာလာလမ်ပူ ဇူလိုင် ၁၄

မလေးရှားနိုင်ငံတွင် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)တိုးတက်လျှင် လူ့စွမ်းအားဖွံ့ဖြိုးမှု (အိပ်ချ်ဒီအိုင်) လည်းတိုးတက်လာမည်ဟုကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(ယူအင်န်ဒီပီ)အဖွဲ့မှတာဝန်ရှိသူတစ်ဦးကတနင်္လာနေ့တွင်ပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံပေါင်း ၁၇၇ နိုင်ငံတွင် မလေးရှားနိုင်ငံသည် မျက်မှောက်ကာလ စီးပွားရေးအဆင့် ၅၉ နေရာတွင်ရောက်ရှိနေပြီး လွန်ခဲ့သော ၁၀ နှစ်တာကာလနှင့်အခြေအနေပြောင်းလဲတည်ရှိနေသည်ဟုမလေးရှား၊ စင်ကာပူနှင့် ဘရူနိုင်းများကိုကိုယ်စားပြုသော ယူအန်ဒီပီဌာနေ ကိုယ်စားလှယ် ရစ်ချဒ်လီတီ၏ ပြောကြားချက်ကို ကိုးကား၍ ဘာနာမာသတင်းဌာနက သတင်း ထုတ်ပြန်ခဲ့သည်။

ညွှန်းကိန်း

အဆိုပါ အိပ်ချ်ဒီအိုင်ကို တိုင်းတာရာတွင် ညွှန်းကိန်းသုံးခုကိုအသုံးပြုသည်။ ၎င်းညွှန်းကိန်းများမှာ လူ့ဘဝသက်တမ်း၊ ပညာရေးနှင့် ဂျီဒီပီတို့ ပါဝင်သည်ဟု ကွာလာလမ်ပူတွင် နှစ်ရက်ကြာကျင်းပခဲ့သော အစည်းအဝေးတွင် လီတီကပြောကြားခဲ့သည်။

လိုအပ်

မလေးရှားနိုင်ငံသည် လူ့သက်တမ်းနှင့် ပညာရေးတွင် တိုးတက်မှုရှိနေပြီး ဂျီဒီပီတိုးတက်နှုန်းကို ပိုမိုတိုးတက်အောင်ပြုလုပ်ရန်လိုအပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။ အဆိုပါ ဂျီဒီပီတိုးတက်စေရန်အတွက် အဓိကအနေဖြင့်သိပ္ပံနှင့်နည်းပညာဘက်တွင် ပိုမိုရင်းနှီးမြှုပ်နှံရမည်ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

အလယ်အလတ်

လူ့စွမ်းအား ဖွံ့ဖြိုးညွှန်းကိန်း (အိပ်ချ်ဒီအိုင်)သည် သုည ဒသမ ၈နှင့် အထက်တွင် ရှိနေမှသာလျှင် အိပ်ချ်ဒီအိုင် ဖွံ့ဖြိုးသည်ဟု ယူအင်န်ဒီပီအဖွဲ့ကသတ်မှတ်ထားသည်။မလေးရှားနိုင်ငံ၏ အိပ်ချ်ဒီအိုင်သည် ၂၀၀၄ခုနှစ်တွင် သုညဒသမ ၇၉၃ သာ ရှိသည့်အတွက် ဖွံ့ဖြိုးမှုအဆင့်တွင် အလယ်အလတ် အမျိုးအစားသာရှိသည်။

ထက်ဝက်ကျော်မျှရှိ

လူ့စွမ်းအားဖွံ့ဖြိုးမှုနှုန်းသည်မလေးရှားနိုင်ငံတွင် ယခုအခါ တိုးတက်နေပြီဖြစ်သည်။ လက်ရှိလူဦးရေတွင်ဆင်းရဲမှုနှုန်းသည် ၅ ရာခိုင်နှုန်းသာရှိပြီး ၁၉၇၀ပြည့်နှစ်ကာလက ဆင်းရဲမှုနှုန်းသည်နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်မျှရှိသည်ဟု လီတီက ပြောကြားသည်။

အောင်မြင်

၁၉၇၀ပြည့်နှစ်၌ အသက် ၆ နှစ်နှင့်အထက်လူဦးရေတွင် သုံးပုံတစ်ပုံသာ လျှင်ကျောင်းနေခဲ့ကြရသည်။မျက်မှောက်ကာလတွင် ကလေး၁၀ဦးလျှင် တစ်ဦးသာလျှင် ကျောင်းနေရန် ပျက်ကွက်ပြီး ကျန်ကလေးများသည် အနည်းဆုံး မူလတန်းအဆင့်ထိအောင်မြင်ပြီးမြောက်ကြသည်ဟု ၎င်းက ပြောဆိုသည်။ အစည်းအဝေးကို တနင်္လာနေ့တွင် စတင်ကျင်းပခဲ့ပြီး ထိုအစည်းအဝေး၏ ခေါင်းစဉ်မှာ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့်စိန်ခေါ်မှုများ ဟူ၍ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့ စွမ်းအင်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေနံလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုး

ပေကျင်း ဇူလိုင် ၁၄

တရုတ်နိုင်ငံသည် လိုအပ်လျက်ရှိသော ရေနံကို ဖြည့်ဆည်းပေးရန်အတွက် နိုင်ဂျီးရီးယားနိုင်ငံမှ တစ်နေ့လျှင် ရေနံစည်ပေါင်း ၃၀၀၀၀ ကို ဝယ်ယူရန် လက်မှတ်ရေးထိုးခဲ့သည်။

လက်မှတ်ရေးထိုး

တရုတ်နိုင်ငံ အင်တာနေရှင်နယ် ရေနံကုမ္ပဏီနှင့် နိုင်ဂျီးရီးယားနိုင်ငံ နေရှင်နယ်ရေနံကုမ္ပဏီ (အင်အင်ပီစီ) တို့သည် နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့၌ သောကြာနေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

ရောင်းချ

အဆိုပါ သဘောတူစာချုပ်သည် သက်တမ်းအားဖြင့် တစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ရေနံဈေးကွက် ပေါက်ဈေးနှုန်းထားအတိုင်း ရောင်းချမည်ဖြစ်သည်ဟု ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။

ထိုသဘောတူစာချုပ်တွင် တရုတ်နိုင်ငံ ရေနံ ဦးဆောင်ညွှန်ကြားရေးမှူး ဆီဘင်ဂျွန်နှင့် နိုင်ဂျီးရီးယားသမ္မတ အကြံပေးပုဂ္ဂိုလ်အိုလူဆီဂန်အိုဘာဆန်ဂျိုနှင့် စွမ်းအင်နှင့်ရေနံကုမ္ပဏီမှ အက်ဒ်မန်ဒ်ဒါကိုရူတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ၂၀၀၅ ခုနှစ် ဩဂုတ်လတွင် လိုင်စင်ချပေးမည့် ရေနံလုပ်ကွက်နှစ်ကွက်အတွက် လိုင်စင်ရရှိရန် လျှောက်လွှာများကို တရုတ်နိုင်ငံက တင်ထားသည်ဟုတရုတ်ကိုယ်စားလှယ် ဆီဘင်ဂျွန်က ပြောကြားသည်။

တာဝန်ယူ

မမ်ဘီလာဒေသတွင်ရေအားလျှပ်စစ်များ ထုတ်လုပ်ရန်နှင့် ကာဒူရေနံချက်စက်ရုံနှင့်ရေနံဓာတု စက်ရုံတို့ကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများအဖြစ် တာဝန်ယူ ဆောင်ရွက်နိုင်ရန် တရုတ်နိုင်ငံသည် စဉ်းစားဆောင်ရွက်လျက်ရှိသည်ဟု ဆီဘင်ဂျွန်က ပြောဆိုသည်။

၎င်းစာချုပ်အရ အင်အင်ပီစီကုမ္ပဏီသည် အမေရိကန်ဒေါ်လာသန်း ၈၀၀ ခန့်ရရှိပြီး ထိုစာချုပ် သက်တမ်း တစ်နှစ်ကုန်ဆုံးပါက နောက်ထပ် စာချုပ် အသစ်ထပ်မံချုပ်ဆိုခွင့်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အဲယားနီပေါ လေကြောင်းလိုင်း မြို့ကြီးလေးမြို့သို့ ပျံသန်းမည်

ခတ္တမန္ဒူ ဇူလိုင် ၁၄

အဲယားနီပေါ အင်တာနေရှင်နယ် လေကြောင်းလိုင်းသည် ဇူလိုင် ၂၄ ရက်မှစပြီး နိုင်ငံတကာလေဆိပ် မြို့ကြီးလေးမြို့သို့စတင်ပျံသန်းမည်ဖြစ်ကြောင်း လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းလေကြောင်းလိုင်းသည် ဗန်ကောက်၊ ကွာလာလမ်ပူ၊ ဒိုဟာနှင့် ဒူဘိုင်းမြို့များသို့ ဇူလိုင် ၂၄ ရက်မှ စတင်ပျံသန်းမည် ဖြစ်ကြောင်း လေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ပရာဒီရာ့ဂျ်ပန်ဒေးက ပြောကြားသည်။

ထိုင်ခုံနေရာ ၂၄၅ နေရာပါရှိသည့် ဘိုးရင်းလေယာဉ်ဖြင့် ဒူဘိုင်း၊ ဒိုဟာနှင့် ဗန်ကောက်မြို့များသို့ ရက်သတ္တပတ်လျှင်သုံးကြိမ်ပျံသန်းမည်ဖြစ်ပြီး ကွာလာလမ်ပူမြို့သို့ရက်သတ္တပတ်လျှင် နှစ်ကြိမ်ပျံသန်းမည် ဖြစ်ကြောင်း ပန်ဒေးက ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဘုရားကျောင်းအချို့ ရှေးဟောင်းအမွေအနှစ်အဖြစ် ယူနက်စကိုသတ်မှတ်

ဒါကာ ဇူလိုင် ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ယဉ်ကျေးမှုပေါင်းစုံနှင့် ခေတ်ဟောင်းဗိသုကာပုံစံများ၏ ဆန်းကြယ်လှသော လက်ရာများပါရှိသည့် ဘုရားကျောင်းအချို့ကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)ကရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ဝန်းတွင် လွန်ခဲ့သည့် ရာစုနှစ်အနည်းငယ်အတွင်းက တည်ဆောက်ခဲ့သော ဘုရားကျောင်း ၃၅ကျောင်းကိုယူနက်စကိုကရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ အင်ဒို အစ္စလမ္မစ်ယဉ်ကျေးမှုနှင့် ဥရောပယဉ်ကျေးမှုလွှမ်းမိုးမှုတို့ကို တွေ့ရကြောင်း ယူနက်စကိုက ထုတ်ဝေသည့်စာအုပ်တွင် ဖော်ပြထားသည်ဟု အင်ဒီပင်းဒင့်သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားသည်။

ထိန်းသိမ်း

ယူနက်စကိုက ထုတ်ဝေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လက်ရွေးစင် ဟိန္ဒူဘုရားကျောင်းများအမည်ရှိစာအုပ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဘုရားကျောင်းများနှင့် အထိမ်းအမှတ် အဆောက်အအုံများမှာ ထိန်းသိမ်းစောင့်ရှောက်မှု ကင်းမဲ့နေကြောင်း ဖော်ပြထားသည်။ ၎င်းပြင် တိုင်းရင်းသားတို့၏ ပြောင်မြောက်လှသော ဗိသုကာလက်ရာများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို လည်းကောင်း၊ ယဉ်ကျေးမှုပေါင်းစုံတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကိုလည်းကောင်း ဖော်ပြထားသည်။

ယင်းစာအုပ်ကို နာဇလီချောင်ဒရီက ရေးသားပြီး ဘာဘူအာမက်က ထူးခြားပြောင်မြောက်သော ဓာတ်ပုံများဖြင့် သရုပ်ဖော်ထားသည်။ ဘုရားကျောင်းများ၏ သမိုင်းအကျဉ်းချုပ်ကိုလည်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှား ပါလူဒေသတွင် ငလျင်လှုပ် လူအများ အထိတ်အလန့်ဖြစ်ခဲ့

ဂျကာတာ ဇူလိုင် ၁၄

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ်အလယ်ပိုင်း ပါလူမြို့တွင် တနင်္ဂနွေနေ့ နံနက် ၇နာရီ ၅၅မိနစ်၌ အင်အားပြင်းငလျင်တစ်ခု လှုပ်သွားခဲ့ပြီး အဆိုပါငလျင်လှုပ်ရှားမှုကြောင့် လူထောင်ပေါင်းများစွာလည်း ထိတ်လန့်သွားကြသည်ဟု သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ထိုငလျင်လှုပ်ရှားမှုဒဏ်ကိုခံခဲ့ရသော ပြည်သူများသည် ၎င်းတို့၏ နေအိမ်တွင်းမှထွက်ပြေးကြသည်။ ထို့အပြင် ငလျင်ဒဏ်ကြောင့် လျှပ်စစ်မီးများလည်း ပြတ်တောက်သွားရကြောင်း အန်တာရာသတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ငလျင်ဗဟိုပြုလှုပ်ခတ်သောနေရာနှင့် ငလျင်ပြင်းအား ရစ်ချ်တာစကေး အတိုင်းအတာကိုလည်း အင်ဒိုနီးရှားမိုးလေဝသဌာနက ထုတ်ပြန်ခဲ့ခြင်း မရှိကြောင်း သိရသည်။

ဗဟိုပြု

သို့သော် အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းအနီးပင်လယ်တွင် ရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့် ပြင်းအားရှိ ငလျင်တစ်ခုသည် တနင်္ဂနွေနေ့ ဟောင်ကောင်စံတော်ချိန် နံနက် ၈နာရီ၅၅မိနစ်က လှုပ်သွားခဲ့သည်ဟု ဟောင်ကောင်မိုးလေဝသဌာနက ထုတ်လွှင့်သွားခဲ့သည်။ အဆိုပါငလျင်သည် တောင်လတ္တီတွဒ် သုည ဒသမ ၈နှင့် အရှေ့လောင်ဂျီတွဒ် ၁၁၉ ဒသမ ၃ ရှိ ပါလူမြို့ အနောက်ဘက် ကီလိုမီတာ ၇၀ ခန့်ကို ဗဟိုပြု၍ လှုပ်ခတ်သွားခြင်းဖြစ်သည်။

ငလျင်လှုပ်သွားသည့်အတွက် ထိခိုက်သေဆုံးသူများ၊ ပျက်စီးသွားသော အဆောက်အအုံများနှင့်ဆုံးရှုံးမှု တန်ဖိုးများကို ချက်ချင်းမသိရှိသေးဟု အန်တာရာ သတင်းဌာနက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်နိုင်ငံ ဂေါ့တီ ဒေသတွင် ရထားတိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသော ရထားတွဲများကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့လူဦးရေ ၆၄၇၇ သန်းထိရောက်ရှိ

ပေကျင်း ဇူလိုင် ၁၄

၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကမ္ဘာ့လူဦးရေသည် သန်း ၅၀၀၀ရှိခဲ့သည်။ လူဦးရေအခြေအနေကို ပြည်သူများ သတိမူမိရန်နှင့် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေနေ့ကို ဇူလိုင် ၁၁ ရက်တွင် ကျင်းပပြုလုပ်ရန်နှင့် ထိုနေ့တွင် ကမ္ဘာ့နိုင်ငံများကလည်း ပါဝင်ကျင်းပရန် လိုအပ်သည်ဟု ကုလသမဂ္ဂအဖွဲ့က ဆုံးဖြတ်ခဲ့သည်။

ဆောင်ပုဒ်

၁၉၉၆ ခုနှစ်ကတည်းက ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(ယူအန် အက်ဖ်ပီအေ)က နှစ်စဉ်ရွေးချယ် သတ်မှတ်ခဲ့သည်။ ယခုနှစ်သည် (၁၆)ကြိမ်မြောက် ကမ္ဘာ့လူဦးရေနေ့ဖြစ်ပြီး အမျိုးသမီးများအရေးပါမှုအလေးထား၊ကမ္ဘာ့မြေဖွံ့ဖြိုးမှုအတွက်စွမ်းဆောင်အားဟူသောဆောင်ပုဒ်ကို ရွေးချယ်ခဲ့သည်။

၆၄၇၇ သန်း

ယူအင်န်အက်ဖ်ပီအေမှ နောက်ဆုံးစာရင်းများအရ ယခုနှစ် ဇွန်လကုန်ပိုင်းတွင် ကမ္ဘာ့လူဦးရေသည် ၆၄၇၇ သန်းရှိပြီး ရာစုနှစ်အလယ်ပိုင်းတွင် ကမ္ဘာ့လူဦးရေသည် သန်း ၉၀၀၀ မှ သန်း ၁၀၀၀၀ အထိ ရောက်ရှိလာမည်ဟု မျှော်မှန်းထားကြသည်။

တရုတ်နိုင်ငံသည် ကမ္ဘာတွင် လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမျိုးသမီးများနှင့်ဗဟုသုတ

မန်းခင်ခင်

ကျွန်မတို့ မြန်မာနိုင်ငံ၏ လူဦးရေ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ပါသည်။ အမျိုးသမီးများသည် အများအားဖြင့် အိမ်ရှင်မများ၊ အိမ်ထောင်သည်များ ဖြစ်ကြပါသည်။ သို့ဖြစ်၍ အိမ်တွင်း ဗဟုသုတသာမက အိမ်ပြင် ဗဟုသုတပါ ပြည့်စုံရန် လိုအပ်နေသော အချိန်ဖြစ်ပါသည်။ ကျွန်မတို့ အမျိုးသမီးများသည် ဝန်ထမ်းများဖြစ်စေ၊ အိမ်တွင်းမှာ အိမ်အလုပ် မိသားစုအလုပ်များ လုပ်ကိုင်နေကြရသူများဖြစ်စေ အိမ်တွင်း အိမ်ပြင် ဗဟုသုတနှင့် ပြည့်စုံကြဖို့ လိုအပ်နေပါပြီ။

ဗဟုသုတဆိုသည်မှာ–

- **ကျန်းမာရေး**
- **ပညာရေး**
- **စီးပွားရေး**
- **လူမှုရေး**
- **စာပေလေ့လာရေးနှင့်**
- **အထွေထွေကဏ္ဍများ** တွင် သိသင့်သိထိုက်သည်များကို သိရှိခြင်းပင်ဖြစ်ပါ သည်။

ထို့ကြောင့် လေ့လာစရာ၊ မှတ်သားစရာများနှင့် ပြည့်လျှမ်းနေသော နိုင်ငံတော်၌ ယခုအချိန် အခါတွင် ကျွန်မတို့ မြန်မာအမျိုးသမီးများသည် သမားရိုးကျ အတွေးအခေါ်များဖြင့်တင်းတိမ်နေရမည့်အချိန် မဟုတ်တော့ပါ။ ခေတ်မီတိုးတက်မှုနှင့် ဗဟုသုတ ရအောင် လေ့လာကြည့်မည်ဆိုလျှင် ကျွန်မတို့မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းသော၊ သယံဇာတပေါများသော နိုင်ငံဖြစ်သည်။ ထို့မျှသာမက ခိုင်မာသည့်စိတ်ဓာတ်နှင့် ဇာတိမာန် အပြည့်ရှိသော၊ စဉ်းစားဆင်ခြင်တတ်သော၊ အသိဉာဏ်အပြည့်အဝရှိသော ပညာရှင်များ၊ ပညာရှိများ များစွာရှိပါသည်။ ထို့အပြင် နိုင်ငံတော်အပေါ်တွင် စေတနာမှန်ကန်သော၊ မျိုးချစ်စိတ်ဓာတ်ရှိသော ပြည်သူ့ဝန်ထမ်းများ၏ လုပ်အား၊ မေတ္တာနှင့် တာဝန်ကျေပွန်မှုကြောင့် စီးပွားရေးအနေဖြင့်လည်း ခိုင်မာတောင့်တင်းနေပြီဖြစ်သည်။

ထို့ပြင် ရှေးဟောင်းအမွေအနှစ်များ ဖြစ်သော စာပေ၊ ကျောက်စာများနှင့် စေတီပုထိုးများ၊ နန်းတော်ရာများဖြင့် ကိုယ့်တိုင်းပြည်၊ ကိုယ့်ယဉ်ကျေးမှု အခိုင်အမာ ရှိနေပါသည်။

နိုင်ငံသားတိုင်းသည် မိမိနိုင်ငံတွင် ရရှိထားသော လက်ရှိပကတိအခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်လိုအပ်ပါသည်။ ကျွန်မတို့နိုင်ငံတွင် ခိုင်မာသော၊ အုတ်မြစ်သဖွယ်ဖြစ်သော၊ တန်ဖိုးမဖြတ်နိုင်သော လူမျိုး၏ ဂုဏ်ကိုဆောင်နေသော အခြေအနေ ကောင်းများ ရှိနေသောကြောင့် ကျွန်မတို့ မြန်မာတိုင်းရင်းသားများနှင့်မြန်မာနိုင်ငံသည် ဘယ်သော အခါမျှ မတိမ်ကော မပျောက်ပျက်နိုင်ပါ။

ရှေးအစဉ်အဆက်ကပင် ကျွန်မတို့အမျိုးသမီးများ ထဲမှ အာဇာနည်အမျိုးသမီးများ၊ ပညာရှိပညာရှင် အမျိုးသမီးများ၊ မိမိနိုင်ငံနှင့်လူမျိုးအတွက် ရဲရဲဝံ့ဝံ့ဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသော အမျိုးသမီးကြီးများမှာ မှတ်တမ်းတင်ပြီးသား ရှိခဲ့ပါသည်။ ထို့ကြောင့် ယနေ့ကာလတွင် ခေတ်နှင့်အတူ တိုးတက်အောင် ဆက်လက်ပါဝင် ဆောင်ရွက်ကြရာတွင်လည်း မြန်မာ အမျိုးသမီးများသည် တက်ကြွသော အင်အားဖြင့် ပါဝင်စွမ်းဆောင်ကြရမည်ဖြစ်ပါသည်။

အမျိုးသမီးများ၏အားသည် အိမ်တွင်းမှ ပြည်တွင်း၊ ပြည်တွင်းမှ နိုင်ငံတကာအထိ တွင်ကျယ်ပျံ့နှံ့ဖို့ လိုအပ်ပါသည်။ နိုင်ငံတော်အတွက် အားကိုးထိုက်သောအမျိုးသမီးအင်အားစုတစ်ရပ်အဖြစ် ရပ်တည်နေနိုင်ရန် လိုအပ်ပါသည်။ နိုင်ငံတော်၏ ခွန်အားများကို ပေးစွမ်းနိုင်သော အင်အားစုအများစုမှာ ကြည်း၊ ရေ၊ လေ စစ်သည်အမျိုးသမီးများ၊ ဌာနအသီးသီးမှ ပညာရှင်နှင့် ဝန်ထမ်းများ၊ စာပေပညာရှင် အမျိုးသမီးများ၊ ရဲတပ်ဖွဲ့ဝင်အမျိုးသမီးများ၊ ကျန်းမာရေးဆိုင်ရာ အမျိုးသမီးဝန်ထမ်းများ၊ ပညာရေး၊ စီးပွားရေး၊ လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေး၊ ကြက်ခြေနီ၊ မီးသတ် အဖွဲ့အစည်းများရှိ ဝန်ထမ်းအမျိုးသမီးများ၊ လူမှုရေး သက်သက်ဖြစ်ပြီး အစိုးရအဖွဲ့အစည်း မဟုတ်သော အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများဖြစ်ကြပါသည်။ ထိုအင်အားစုများဖြင့် တိုင်းပြည်အကျိုးပြုလုပ်ငန်းများကို လက်တွေ့ကျကျ အကောင်အထည် ဖော်နိုင်စွမ်းရှိနေသည်မှာ ကျွန်မတို့ အမျိုးသမီးထုကြီး၏ အနာဂတ်အရေးအတွက် စိတ်အေးဖွယ်ရာဖြစ်ပါသည်။ တစ်နည်းအားဖြင့် အမျိုးသမီးများ၏ အတွေးအခေါ် ဗဟုသုတ တိုးတက်နေသော အချိန်ဖြစ်ပါသည်။ ယနေ့ကာလတွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိနေသော အမျိုးသမီးများသည် နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေး ဆိုင်ရာလုပ်ငန်းများတွင် ကျရာကဏ္ဍမှ အားစိုက်ကူကြမည်ဟု အဓိဋ္ဌာန်ချမှတ်၍ စည်းလုံးညီညွတ်စွာ ရပ်တည်အကောင်အထည် ဖော်ဆောင်လျက်ရှိနေပါသည်။

မြန်မာအမျိုးသမီးများ ဗဟုသုတအသိပညာနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှသာ နိုင်ငံတော် အတွက် အကျိုးရှိမည့် လုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ယခုအခါ ကျန်းမာရေးကဏ္ဍတွင် ရောဂါ အထူးအဆန်းများ ဖြစ်ပွားနေမှုနှင့်အတူ ကြိုးပမ်းကုသပေးနေရသော အချိန်ဖြစ်၍ ဆင်ခြင်တုံတရားနှင့် အသိအလိမ္မာ ရှိကြဖို့ လိုအပ်နေပါသည်။

ထို့အတူ လူမှုရေးပိုင်းမှာလည်း လူသားချင်း ကူညီဖေးမခြင်း၊ ဒုက္ခရောက်သူကို ကယ်ဆယ်ခြင်း၊ တစ်ဦးအခက်အခဲကို တစ်ဦးကကူညီခြင်းစသည့် လူ့ဘောင်လောကတွင် ပြုလုပ်နေကျ လူမှုရေးတာဝန်များကို ပြုလုပ်ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ယင်းတို့မှာ မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါသည်။ လူတစ်ဦးအတွက် သာမက လူအများစုအတွက်၊ နိုင်ငံတော်အတွက် ကိုယ်နိုင်သည့်ဘက်မှ ကူညီပံ့ပိုးခြင်းပင်ဖြစ်ပါသည်။ အမျိုးသမီး ငယ်ရွယ်မှ သက်ကြီးရွယ်အို အထိ ပြုစုစောင့်ရှောက်ပေးရမည့် တာဝန်သည်လည်း အမျိုးသမီးထုတစ်ရပ်လုံး၏ တာဝန်ပင်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်မတို့ အမျိုးသမီးများသည် အိမ်တွင်း ဗဟုသုတ၊ ပြည်တွင်းဗဟုသုတ တိုးပွားရန် အစဉ် လေ့လာဆည်းပူးနေဖို့လိုအပ်ပါသည်။ ထို့မှတစ်ဆင့် ခေတ်မီသောဉာဏ်စွမ်းရည်၊ ကိုယ်စွမ်းရည်၊ နှလုံးသား မှ ဆင်းသက်လာသော မျိုးချစ်စိတ်တို့ကို အရင်းခံ၍ မိမိနိုင်ငံ၊ မိမိလူမျိုး တစ်နေ့ထက်တစ်နေ့ ပိုမိုဖွံ့ဖြိုး တိုးတက်အောင် အမျိုးသမီးထု၏စွမ်းအားဖြင့် ကြိုးပမ်း ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရှေးအစဉ်အဆက်ကပင် ကျွန်မတို့ အမျိုးသမီးများထဲမှ အာဇာနည် အမျိုးသမီးများ၊ ပညာရှိ ပညာရှင် အမျိုးသမီးများ၊ မိမိနိုင်ငံနှင့်လူမျိုးအတွက် ရဲရဲဝံ့ဝံ့ဖြင့် တာဝန် ထမ်းဆောင်ခဲ့ကြသော အမျိုးသမီးကြီးများမှာ မှတ်တမ်းတင်ပြီးသားရှိခဲ့ပါသည်။ ထို့ကြောင့် ယနေ့ကာလတွင် ခေတ်နှင့်အတူ တိုးတက်အောင် ဆက်လက်ပါဝင် ဆောင်ရွက်ကြရာတွင်လည်း မြန်မာအမျိုးသမီးများသည် တက်ကြွသော အင်အားဖြင့် ပါဝင်စွမ်းဆောင်ကြရမည်ဖြစ်ပါသည်။

ခရိုင်ချင်းဆက် လမ်းဖောက်လုပ်
ကျောက်ဆည်နှင့်တပ်ကုန်းမြို့နယ်အကြား ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များမှ ဆောင်ရွက်နေသည့် ခရိုင်ချင်းဆက် လမ်းဖောက်လုပ်ခြင်းလုပ်ငန်း စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုများကို သွားရောက်စစ်ဆေးသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ရွာရှိ ခရိုင်ချင်းဆက် လမ်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်း အလေအလွင့်နည်းပါးစွာဖြင့် အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန် စံညွှန်းပြည့်မီရေး၊ စက်ယန္တရားများအား အကျိုးရှိစွာ အသုံးချရေးအလေးထားဆောင်ရွက်ရန်မှာကြားပြီး ဖျောက်ဆိပ်ပင်ရွာနှင့် ကလေးရွာအကြား လုပ်ငန်းခွင်တွင် ဦးစီးဌာနပိုင် စက်ယန္တရားကြီးများဖြင့် မြေသားလမ်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

(အပေါ်ပုံ)

စစ်ဆေး

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည်ခရိုင်ချင်းဆက် လမ်းတစ်လျှောက် မြေသားလမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား မော်တော်ယာဉ်များဖြင့် လိုက်လံစစ်ဆေးသည်။

မှာကြား

ထို့နောက် သာစည်မြို့နယ် လှိုင်းတက်ရွာရှိ ခရိုင်ချင်းဆက် လမ်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး ဦးစီးဌာနပိုင် စက်ယန္တရားများဖြင့် မြေသားလမ်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ် စံချိန်စံညွှန်းပြည့်မီစွာဖြင့် လုပ်ငန်းပြီးစီးရေး၊ အလေအလွင့်နည်းပါးရေး၊ စက်ယန္တရားများဖြင့် စနစ်တကျ အကျိုးရှိစွာ အသုံးချရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်းမှာ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ရွာမှ တပ်ကုန်းမြို့နယ် ကင်းသာရွာအထိ လမ်းအရှည် ၁၁၃ မိုင် ခြောက်ဖာလုံ ရှိသည်။

(နယ်စပ်/စည်ပင်)

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် သိကောင်းစရာဟောပြောမည်

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကျင်းပမည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာများ သိကောင်းစရာ " Intellectrual Property Rights " ခေါင်းစဉ်အမည်ဖြင့် Seminar တစ်ခုကို မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသန ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်မိုးမိုးသွယ်က ဇူလိုင် ၂၃ရက် (စနေနေ့) နံနက် ၉နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ လှိုင်မြို့နယ် MICT Park (Room-205) ၌ဟောပြောမည်ဖြစ်ရာ မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းဝင်များနှင့် စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ Seminar တက်ရောက်လိုသူများသည် မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းရုံးခန်း MICT Park Main Building (လှိုင်တက္ကသိုလ်နယ်မြေ) ဖုန်း ၆၅၂၂၃၈သို့ စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းကောင်စီ ကတိသစ္စာခံယူပွဲကို ဇွန်၂၈ရက်က ကျင်းပရာ ကျောင်းကောင်စီ ဥက္ကဋ္ဌ ဆရာကြီး ဦးတင်မောင်ထွန်းနှင့် အဖွဲ့ဝင်များ ကတိသစ္စာခံယူစဉ်။
(က–ပ)

ရုပ်ရှင်လုပ်ငန်းသည် အချိန်နှင့်အမျှပြောင်းလဲတိုးတက်နေ တိုးတက်နေသည့်နည်းပညာများ၊ စက်ပစ္စည်းများကို လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်အောင် ကြိုးပမ်းအားထုတ်

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးနှင့် ရုပ်ရှင်ပြသမှုဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၅) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးနှင့် ရုပ်ရှင်ပြသမှုဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၅)ဆင်းပွဲတွင် တတိယဆုရ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)မှ အငယ်တန်းစာရေး မောင်ဝေယံအောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးနှင့် ရုပ်ရှင်ပြသမှုဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၅)ဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ဓာတ်လမ်းရုပ်ရှင်ရုံးခွဲ အသံခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် သင်တန်းပြီးဆုံးပြီဖြစ်သဖြင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများထပ်မံတိုးပွားလာခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူရကြောင်း၊ မိမိတို့ သင်ယူတတ်မြောက်ပြီးစီးမှုများအပေါ် အခြေခံ၍ လုပ်ငန်းများကို ပိုမိုကျွမ်းကျင်တတ်မြောက်အောင် ဆက်လက်ဆည်းပူးလေ့လာသွားကြရန် မှာကြားလိုကြောင်း။

ရုပ်ရှင်လုပ်ငန်းသည် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေရာ ပြောင်းလဲတိုးတက်နေသည့် ရုပ်ရှင်ပိုင်းဆိုင်ရာ နည်းပညာများ၊ စက်ပစ္စည်းများကို သင်တန်းက ပို့ချမှုများအပေါ် အခြေခံပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်အောင် ကြိုးပမ်းအားထုတ်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား ခေါင်းဆောင်အားပေးအပ်ပြီး သင်တန်းတွင် ပထမဆုရ ဓာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ထုတ်လုပ်ရေးကျွမ်းကျင် (၄) (ကူးဆေး) မသိမ့်သီရိရွှေ၊ ဒုတိယဆုရ ရုပ်ရှင်ဆင်ဆာအဖွဲ့မှ အကြီးတန်းစာရေး မသိန်းသိန်းဦးနှင့်တတိယဆုရ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)မှ အငယ်တန်းစာရေး မောင်ဝေယံအောင်တို့အား ဆုများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သင်တန်းနည်းပြဆရာများကိုယ်စား နည်းပြဆရာ ဦးမောင်မောင်ကြီးအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

အဖျောက်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း(ရွှေဂုံတိုင်)အဖျောက်ကျောင်းသစ်ကျောင်းတွင် ဇူလိုင် ၂၀ရက် (ဗုဒ္ဓဟူးနေ့) ဝါဆိုလပြည့်နေ့ နံနက် ၈နာရီခွဲတွင် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်၍ အသင်းဝင်များ၊ အဖျောက်သူ၊ အဖျောက်သားများ၊ မိတ်ဆွေ သင်္ဂဟများ ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် ဖိတ်ကြားထားပြီး လှူဒါန်းလိုသူများ ဦးမြင့်နိုင် ဖုန်း-၅၃၉၆၈၈ (Ext;) ၅၄၃၊ ဦးအောင်သိန်း ဖုန်း-၃၈၁၀၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် အမှတ် (၄၄)၊ ၁၂လမ်း၊ လမ်းမတော်မြို့နယ်နေ ကွယ်လွန်သူ အဘွား ဒေါ်ကြို့၊ ဖခင် ဦးကျုံရှုလင်တို့ကို ရည်စူး၍ ဦးတင်ထွန်း၊ ဒေါ်ခင်ဝင်း၊ သားဝေယံထွန်း၊ ဝေယံဖြိုးမိသားစုက ငွေကျပ် ၅၀၀၀၀၀ ကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)အတွေ့အကြုံရှင်းလင်းခြင်းနှင့် အသက်(၇၅)နှစ်ပြည့်ပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ချီးမြှင့်ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ စဥ့်အိုးတန်းလမ်းရှိ လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရန်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးမောင်ညိန်း (အငြိမ်းစား) က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) အတွေ့အကြုံများကို အကျယ်တဝင့် ပြန်လည်ရှင်းလင်းပြောကြားသည်။ ထို့နောက် အသက်(၇၅)နှစ်ပြည့်ပြီး လသာမြို့နယ်မှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်လေးဦးတို့အား မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟို)က ချီးမြှင့်သည့် ချီးမြှင့်ငွေများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်လိုက်သည်။ (သတင်းစဉ်)

လယ်တီစံရိပ်သာ ၁၀ ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၁၅

ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာတွင် လစဉ် ၁၀ ရက် တရားစခန်းပွဲကို ဇူလိုင် ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ မဟာစည် လယ်တီစံဆရာတော်များက မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများနှင့် ဆွမ်းအလှူရှင်များသည် ဇူလိုင် ၂၀ ရက် ညနေ ၄ နာရီအရောက် ကြွရောက်ရန်နှင့် ရိပ်သာ ဖုန်း-၂၀၁၆၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အိုးပင်းစစ်တုရင်ပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၁၅

၂၀၀၅ ခုနှစ် (၉)ကြိမ်မြောက် မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလား အိုးပင်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက မီးသတ်ဦးစီးဌာန သီတာခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ် နာယက၊ စစ်တုရင် အဖွဲ့ချုပ်တာဝန်ခံ နာယက ဒေါ်မူမူဝင်းက ပထမရွှေ့ကွက်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း ကုန္တီတံအိမ်ရာ R.H.S(1) နေ ဦးစိုင်းဆိုင်ကျော်၊ ဒေါ်ယဉ်ယဉ်ထွန်း၊ (သမီး) နန်းလှဲ့ရွှေစင်၊ (သား) စိုင်းအောင်ပိုင်ဖြိုး မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျား/မ သာတူညီမျှ မရှိမှုမှာ လူတစ်ဦးချင်းအတွက်သာမက မိသားစုများ၊ အသင်းအဖွဲ့နှင့် နိုင်ငံများတိုးတက်မှု အဟန့်အတားဖြစ်

ထောက်ကူထားသည့်မဏ္ဍိုင်များလည်းဖြစ်ကြောင်း၊ ယင်းတို့သည် ဆင်းရဲမွဲတေမှု လျော့ကျစေရေးနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးတွင် စွမ်းအားကြီးမားသော ကဏ္ဍမှ ပါဝင်နိုင်စွမ်းရှိသကဲ့သို့ လက်တွေ့လည်း ပါဝင်စွမ်းဆောင်နေကြသူများ ဖြစ်ကြောင်း၊ ကျား၊ မ သာတူညီမျှမရှိမှုမှာ လူတစ်ဦးချင်းစီအတွက်သာမက မိသားစုများ၊ လူမှုအသင်းအဖွဲ့များနှင့် နိုင်ငံများ၏ တိုးတက်မှုအလားအလာကို အဟန့်အတားဖြစ်စေကြောင်း၊ ကျား၊ မ သာတူညီမျှမရှိမှုမှာ အမျိုးသမီးများ၏ ကျန်းမာရေးကို ထိခိုက်နစ်နာစေသကဲ့သို့ အမျိုးသမီးများအား လူ့အဖွဲ့အစည်းတွင် ပြည့်ပြည့်ဝဝ ပါဝင်လှုပ်ရှားနိုင်ခြင်းမရှိအောင် ဟန့်တား တားဆီးနေကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၇ သန်းနှင့် အမျိုးသမီး ၂၇ ဒသမ ၃သန်းရှိကြောင်း၊ လူဦးရေသိပ်သည်းမှုကို ကြည့်မည်ဆိုလျှင်လည်း ပျမ်းမျှတစ်စတုရန်းမိုင်မှာ ၂၀၈ယောက်သာ ရှိသည့်အတွက် လူဦးရေသိပ်သည်းမှုအချိုးအစားမှာ ကောင်းမွန်သည်ဟုဆိုနိုင်ကြောင်း။

ယခုအခါ မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက်မှု သိသိသာသာရရှိနေပြီး ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမှာလည်း မြင့်မားလာလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်အတွင်း ဒေသအသီးသီး၏ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာသကဲ့သို့ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုကွာဟချက်မှာလည်း သိသာစွာ နည်းပါးလာပြီ ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်မှာ သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၉၃ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ ထို့အပြင် နိုင်ငံတော်အစိုးရအနေနှင့် ကျောင်းနေအရွယ်ကလေးသူငယ်များ ကျောင်းနေစေရေးစီမံချက်ကို ချမှတ်ပြီး ပြည်သူတစ်ရပ်လုံးပါဝင်သည့် လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက်

ရှေ့ဖုံးမှ

...ရေးနှင့် ဖွံ့ဖြိုးမှုသမိုင်းမှာ မော်ကွန်းမှတ်တိုင်တစ်ရပ်ဖြစ်သကဲ့သို့ အမျိုး...များအခွင့်အရေး တိုးတက်ဖြစ်ထွန်းမှုသမိုင်းမှာလည်း မော်ကွန်းမှတ်တိုင် ...ရပ်ဖြစ်ကြောင်း၊ ကျား/မ သာတူညီမျှမှုရှိစေရေးနှင့် အမျိုးသမီးများ ...ပိုင်ခွင့် မြှင့်တင်ပေးရေး ရည်မှန်းချက်သည် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ...းမှုညီလာခံ၏ ရည်မှန်းချက်ပန်းတိုင်များအနက် တစ်ခုဖြစ်ကြောင်း၊ ...ားတူပင် ကျား/မ သာတူညီမျှမှုရှိစေရေးနှင့် အမျိုးသမီးများ လုပ်ပိုင်ခွင့် ...တင်ပေးရေးမှာ လူသားများဖွံ့ဖြိုးမှုအတွက် အရေးပါသည့်အလျောက် ...င်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်များအနက် တတိယရည်မှန်းချက်အဖြစ်လည်း ...မှတ်ထားကြောင်း၊ ထို့ကြောင့် ကျား၊ မ သာတူညီမျှမှုရှိစေရေးမှာ ...င်စုနှစ်ရည်မှန်းချက်များနှင့် အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ ...လုပ်ငန်းစဉ်များ ပြည့်မီစေရေးအတွက် မရှိမဖြစ် လိုအပ်ချက်ပင်ဖြစ်ကြောင်း။

ဟန့်တား တားဆီးနေ

အမျိုးသမီးများသည် ၎င်းတို့မိသားစုများ၏ ပင်မကျောရိုးဖြစ်သကဲ့သို့ ...ရွယ်သူတို့နှင့် အသက်အရွယ်အိုမင်းသူတို့ကို စောင့်ရှောက်သူများ၊ သဘာဝ ...င်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်သူများ၊ လူမှုအသင်းအဖွဲ့ကို

ကမ္ဘာတစ်လွှား တွေ့ကြုံနေရသည့် လူဦးရေဆိုင်ရာ ပြဿနာရပ်များနှင့် ပတ်သက်၍ အနည်းငယ် တင်ပြလိုကြောင်း။

ယနေ့ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၆၅၀၀ ရှိလာရာတွင် ကလေးမွေးဖွားနိုင်သည့် အရွယ်ရောက်ရှိလာသော အမျိုးသမီးငယ်ရွယ်များမှာ သမိုင်းတစ်လျှောက်တွင် အများဆုံးအုပ်စုဖြစ်လာကြောင်း၊ ၎င်းတို့မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများဆုံးဖြစ်ပြီး အများစုမှာ ဆင်းရဲကြကြောင်း။

ကလေးမွေးဖွားစဉ်မှာ ကျွမ်းကျင်သူများနှင့် မွေးဖွားစေခြင်းဖြင့် သားဖွားမိခင်သေဆုံးနှုန်းကို ၇၄ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း၊ ကမ္ဘာကြီးတွင် နေ့စဉ် ဆယ်ကျော်သက်မိန်းမငယ်လေး ၇၀၀၀၀ကျော် အိမ်ထောင်ပြုလျက်ရှိပြီး ၄၀၀၀၀ ခန့်မှာ ကလေးမွေးဖွားလျက်ရှိကြောင်း။

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) အဆိုအရ ကမ္ဘာကြီးတွင် ကျောင်းပြင်ပရှိ ကလေး ၁၂၁သန်းအနက် ၆၅သန်း (သို့မဟုတ် ၅၄ရာခိုင်နှုန်း)မှာ မိန်းကလေးများဖြစ်ကြကြောင်း၊ တစ်ကမ္ဘာလုံးတွင် အမျိုးသမီးစာမတတ်သူမှာ သန်း ၆၀၀ရှိပြီး အမျိုးသားစာမတတ်သူမှာ သန်း ၃၂၀ခန့်သာရှိကြောင်း။

မြန်မာနိုင်ငံ၏ အနေအထားနှင့်ပတ်သက်ပြီး အကျဉ်းချုံး ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၄ ဒသမ ၃ သန်းရှိပြီး အမျိုးသား

ကျောင်းနေစအရွယ် ကျောင်းအပ်နှုန်းမှာ ၉၆ ဒသမ ၆ ရာခိုင်နှုန်း ရှိလာပြီ ဖြစ်ကြောင်း။

လူတိုင်းအတွက် ပညာရေးစီမံကိန်းကိုလည်း အမျိုးသားအဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မြင့်ပညာရေးကဏ္ဍမှာ ၁၉၈၈ ခုနှစ်မှာ တက္ကသိုလ်နှင့်ကောလိပ် ၃၂ ခုသာရှိခဲ့သော်လည်း ယခုအခါ တစ်နိုင်ငံလုံးမှာ တက္ကသိုလ်နှင့်ကောလိပ် ၁၅၆ခုအထိ တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ အမျိုးသမီးများအနေနှင့် ပညာရေးအခွင့်အလမ်းနှင့် ပတ်သက်ပြီး အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိထားပြီးဖြစ်ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှု

ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ တင်ပြရမည်ဆိုလျှင် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုမှာ အရေးကြီးသည့် ပြောင်းလဲမှုတစ်ရပ်အဖြစ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင် ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

☆ **ယနေ့ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၆၅၀၀ ရှိလာရာတွင် ကလေးမွေးဖွားနိုင်သည့်အရွယ် ရောက်ရှိလာသော အမျိုးသမီးငယ်ရွယ်များမှာ သမိုင်းတစ်လျှောက်တွင် အများဆုံးအုပ်စုဖြစ်လာ၊ ၎င်းတို့မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများဆုံးဖြစ်ပြီး အများစုမှာ ဆင်းရဲကြ၊**

☆ **ကမ္ဘာကြီးတွင် နေ့စဉ် ဆယ်ကျော်သက်မိန်းမငယ်လေး ၇၀၀၀၀ကျော် အိမ်ထောင်ပြုလျက် ရှိပြီး ၄၀၀၀၀ ခန့်မှာ ကလေးမွေးဖွားလျက်ရှိ၊**

☆ **မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၄ ဒသမ ၃ သန်းရှိပြီး အမျိုးသား ၂၇ သန်းနှင့် အမျိုးသမီး ၂၇ ဒသမ ၃သန်းရှိ၊ လူဦးရေသိပ်သည်းမှုကို ကြည့်မည်ဆိုလျှင်လည်း ပျမ်းမျှတစ်စတုရန်းမိုင်မှာ ၂၀၈ယောက်သာ ရှိသည့်အတွက် လူဦးရေသိပ်သည်းမှုအချိုးအစားမှာ ကောင်းမွန်သည်ဟု ဆိုနိုင်။**

သမိုင်းတစ်...
အမျိုးသား...

လူဝင်မှုကြီးကြပ်ရေးနှင့် ... ဗိုလ်ချုပ်စိန်ထွား ၂၀၀၅ခုနှစ် က... ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ...

၂၀၀၁ ခုနှစ်မှာ အမျိုးသားမျိုးဆက်... နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မျိုးဆ... ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေး... နိုင်ငံ၏ အမျိုးသားကျန်းမာရေးမူဝ... ကောင်းမွန်အောင် အထူးဂရုစိုက် အ... များကို ဦးစားပေးထားကြောင်း။

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်း... ဖြန့်ကြက်ဆောင်ရွက်နေသည့် လူ... မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှေ... အရည်အသွေးမီ မျိုးဆက်ပွားကျန်း... များပေးလျက်ရှိကြောင်း၊ ထို့အပြင် ... မျိုးဆက်ပွားကျန်းမာရေးနှင့် AID... နိုင်သည့် ရောဂါများနှင့်ပတ်သက်ပြီ... ဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိ...

မြန်မာနိုင်ငံတွင် အမျိုးသမီးမျ... တရားစီရင်ရေးနှင့် လူမှုရေးနယ်ပ...

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြသထားသော မှတ်တမ်းတင်ဓာတ်ပုံများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သမိုင်းတစ်လျှောက်လုံး မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေး မျှမျှတတရရှိ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၀၁ ခုနှစ်မှာ အမျိုးသားမျိုးဆက်ပွား ကျန်းမာရေးမူဝါဒကို ရေးဆွဲချမှတ်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးမှာ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အစိတ်အပိုင်းဖြစ်သဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးမူဝါဒမှာ မျိုးဆက်ပွားကျန်းမာရေး တိုးတက်ကောင်းမွန်အောင် အထူးဂရုစိုက် အားဖြည့်ဆောင်ရွက်နိုင်မည့် မဟာဗျူဟာများကို ဦးစားပေးထားကြောင်း။

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းလုပ်ဆောင်မှုများအပြင် နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်ဆောင်ရွက်နေသည့် လူမှုရေးအသင်းအဖွဲ့ကြီး တစ်ခုဖြစ်သော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (MMCWA) ကလည်း အရည်အသွေးမီ မျိုးဆက်ပွားကျန်းမာရေး အကြံပေးမှုများနှင့် ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း၊ ထို့အပြင် မျိုးဆက်ပွားကျန်းမာရေး၊ ပျိုရွယ်သူများ၏ မျိုးဆက်ပွားကျန်းမာရေးနှင့် AIDS ကဲ့သို့ လိင်မှတစ်ဆင့် ကူးစက်ပြန့်ပွားနိုင်သည့် ရောဂါများနှင့်ပတ်သက်ပြီး သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် လူမှုရေးနယ်ပယ်များမှာ အမျိုးသားများနှင့်တန်းတူ အခွင့်အရေးများကို တရားဝင်ခံစားကြရကြောင်း၊ သမိုင်းတစ်လျှောက်လုံး မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေး မျှမျှတတ ရရှိခံစားရသည်သာမက မိမိမိသားစု၊ လူ့အဖွဲ့အစည်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ဖွံ့ဖြိုးရေးအတွက် အမျိုးသားများနှင့်အတူ ရင်ပေါင်တန်းပြီး ပါဝင်စွမ်းဆောင်ခွင့် ရရှိခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအစိုးရက မြန်မာအမျိုးသမီးများ၏ ထက်မြက်သည့်စွမ်းဆောင်ရည်များကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် မြန်မာအမျိုးသမီးကဏ္ဍအနေဖြင့် ကျစ်လျစ်ခိုင်မာစွာ ရပ်တည်နိုင်အောင် အားပေးပျိုးထောင်လျက်ရှိကြောင်း။

အမျိုးသားအဆင့်

အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်ဖွံ့ဖြိုးမှုညီလာခံနှင့် နိုင်ငံတကာ အမျိုးသမီးညီလာခံကြီးများ၊ နောက်ပိုင်းတွင် မြန်မာနိုင်ငံမှာ အမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး စုစည်းခိုင်မာသည့် အမျိုးသားရေး စွမ်းအားစုတစ်ရပ်အနေနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျ လှုပ်ရှားဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ယန္တရားတစ်ခုအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းပေးခဲ့ကြောင်း။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းနိုင်ခဲ့ခြင်းမှာ မြန်မာအမျိုးသမီးများအတွက် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အခြေခံဖြစ်သည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့်အထိ သူ့အဆင့်နှင့်သူ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံဆိုင်ရာ ခေတ္တ ကုလသမဂ္ဂ ညှိနှိုင်းရေးမှူး Mr. Tang Zhengping ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ယနေ့ မြန်မာနိုင်ငံ အမျိုးသမီးအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်အောင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နိုင်အောင်နှင့် မြန်မာအမျိုးသမီးထုကြီး၏ အရေးအရာကိစ္စရပ်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိရောက်စွာ တိုးမြှင့်လွှမ်းခြုံပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

သန္နိဋ္ဌာန်ချထား

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ လုပ်ငန်းစဉ်များနှင့် ညီလာခံက ချမှတ်လိုက်သည့် မူဝါဒများကို လိုက်နာကျင့်သုံးနေကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း၊ပြည်ပ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေပြီး လူဦးရေဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် တက်ကြွသည့်အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားလိုကြောင်း။

ယခုကဲ့သို့ မင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်တွင် ကြွရောက်ချီးမြှင့်ကြသည့် ဂုဏ်သရေရှိ လူကြီးမင်းများကိုလည်းကောင်း၊ ယနေ့ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြသူများကိုလည်းကောင်း ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ခေတ္တ ကုလသမဂ္ဂ ညှိနှိုင်းရေးမှူး Mr.Tang Zhengping က ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Thoraya Obaid ၏ ၂၀၀၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ၂၀၀၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ A.K.Moe (သတ္တဗေဒ)၊ဒုတိယဆုရ ဦးမြင့်သိန်း(ရူပဗေဒ)နှင့် တတိယဆုရ ဦးလှထွန်းတို့အား ဆုများချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ၂၀၀၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ အဆင့်(၅) အလွတ်တန်းတွင် ပထမဆုရ ဦးရဲထွဋ်အောင် (လောကနတ်ပန်းချီ)၊ ဒုတိယဆုရ ဒေါ်ခင်သက်လွင်၊ တတိယဆုရ ဦးဝင်းမြင့်ထွန်း(ပန်းချီ)တို့အား လည်းကောင်း၊ အဆင့်(၄)အသက် (၁၆-၁၈)နှစ် အတန်
ပထမဆုရ မဇင်မာငြိမ်း၊ ဒုတိယဆုရ မောင်ဇာနည်
နှင့်တတိယဆုရ မောင်ဇော်ဇော်အောင်တို့အား
ကောင်း ဆုများချီးမြှင့်သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင
ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်က ၂၀၀
ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ အ
(၃) အသက်(၁၃-၁၅)နှစ်တန်းတွင် ပထမဆုရ မခို
မျိုးထွန်းလင်း၊ ဒုတိယဆုရ မောင်ဟိန်းထက်အေ
တတိယဆုရ မောင်ဇင်ကိုကိုတို့အားလည်းကောင်း၊ ပို
ပြိုင်ပွဲ အဆင့်(၂) အသက်(၉-၁၂)နှစ်အတန်းတွင်
ဆုရ မပွင့်မြတ်သူ၊ ဒုတိယဆုရ မအေးမြတ်
တတိယဆုရ မောင်ထက်နိုင်လင်းတို့အား လည်းကေ
ပိုစတာပြိုင်ပွဲ အဆင့်(၁) အသက်(၆-၈)နှစ်အတန်
ပထမဆုရ မခင်ကြေးမှုံဦး၊ ဒုတိယဆုရ မောင်သုခ
တတိယဆုရ မောင်ခန့်ဘုန်းတို့အားလည်းကောင်း
ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ခေတ္တ ကုလ
ညှိနှိုင်းရေးမှူး Mr.Tang Zhengping က ၂၀၀၅
ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံး
တက္ကသိုလ်၊ ကောလိပ်အဆင့်တွင် ပထမဆုရ မရွှန်းဝ
ဒုတိယဆုရ မနှင်းဥရည်နှင့် တတိယဆုရ မယဉ်ယဉ်
တို့အားလည်းကောင်း၊အခြေခံပညာအထက်တန်းအဆ
ပထမဆုရ မရွှေစင်၊ ဒုတိယဆုရ မဇွန်ဦးလှိုင်နှင့် တ
ဆုရ မောင်အောင်မြင့်တို့အားလည်းကောင်း၊ အခြေခံ
အလယ်တန်းဆင့်တွင် ပထမဆုရ မနှင်းသန္တာ
ဒုတိယဆုရ မမေမြတ်မှူးအောင်နှင့် တတိယ
မောင်ကျော်ခိုင်ထက်တို့အားလည်းကောင်း ဆုများချီး
အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒု
ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်
လာကြသည့် သံတမန်များ၊ ဧည့်သည်တော်မျာ
ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်မျာ
ခင်းကျင်းပြသထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြ
အင်အားဝန်ကြီးဌာန၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်
၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်
ဆောင်ရွက်ချက်များ၊ ဆုရပိုစတာများ၊ ဆုရစာစီ
များ၊ ဆုရရောင်စုံဓာတ်ပုံများနှင့် လူမှုရေးအသင်
များ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပညာ
ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်း
ရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံနှင့် စာအုပ်စာတမ်းမျ
လှည့်လည်ကြည့်ရှုကြသည်။
(သတင်

စလင်းမြို့နယ်အသင်
ဝါဆိုသင်္ကန်းကပ်လှူမ

ရန်ကုန် ဇူလိုင် ၁၅

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ ပထမအ
ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၇ ရက် (တနင်္ဂ
နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရား
ဆောက်လုပ်ရေးမဏ္ဍပ်တွင် ကျင်းပမည်ဖြစ်ရာ အ
ဝင်များနှင့် အသင်းမဝင်ရသေးသူများပါ တက်
ကြည်ညိုကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများ နီး
နာယကများနှင့် အမှုဆောင်များထံ ထည့်ဝင်လှ
နိုင်သည်။
(ဂ

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးမိတ်မြို့ ညောင်ပင်စောက် ကျောင်းဆောင်သစ် ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

✧ ဒေသခံပြည်သူများမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာကြီး ဦးအုန်းညွန့်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသောင်းစိန်တို့က ကျောင်းဆောင်သစ်ဆောက်လုပ်မှုနှင့် ကျောင်းစိုက်ခင်းဖော်ထုတ်စိုက်ပျိုးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောင်းဝင်းအတွင်း စားသုံးသီးပင်နှင့် ပန်းအလှပင်များစိုက်ပျိုးရေး၊ မြို့နယ်တာဝန်ရှိသူများက လိုအပ်သည်များကို ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးအုန်းညွန့်သို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုးမိတ်မြို့ မြို့ကျက်သရေဆောင်ခန်းမသို့ နံနက် ၈ နာရီခွဲတွင် ရောက်ရှိပြီး မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

အခမ်းအနားတွင် မိုးမိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကြည်က မိုးမိတ်မြို့နယ်၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးစပါးနှင့် နွေစပါး စိုက်ပျိုးမှုအခြေအနေ၊ ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဒေသဝမ်းစာဖူလုံမှု ၁၆၁ ဒသမ ၄၃ ရာခိုင်နှုန်းရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မဘိမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က မဘိမ်းမြို့၏ မြေယာအသုံးချမှု၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးစပါးနှင့် နွေစပါး စိုက်ပျိုးပြီးစီးခဲ့မှု၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဒေသဝမ်းစာဖူလုံမှု ၂၄၃ ဒသမ ၉၂ ရာခိုင်နှုန်းရှိမှုအခြေအနေ၊ ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ပညာရေးကဏ္ဍ၊ကျန်းမာရေးကဏ္ဍ၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးနိုင်မှုအခြေအနေ၊ ငို့စင်ကျေးရွာအုပ်စုရှိ မန်ကင်စက္ကုသာချောင်းကို တစ်ဖက်ပိတ်ဆည်တည်ဆောက်ပြီး ရေသွယ်မြောင်းများတူးဖော်ကာ စိုက်ပျိုးရေပေးဝေနိုင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ကျောက်မဲခရိုင်အနေဖြင့် ၂၀၀၄-၂၀၀၅ခုနှစ်အတွက် ဒေသဝမ်းစာဖူလုံမှု ၁၁၁ဒသမ ၉၁ရာခိုင်နှုန်းရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် မိမိသည် မိုးမိတ်မြို့သို့မကြာခဏရောက်ခဲ့ပြီး ယခင်က မိုးမိတ်မြို့သည် လမ်းပန်းဆက်သွယ်မှုခက်ခဲသော်လည်း ယခုအခါ နိုင်ငံတော်က မိုးမိတ်-တွင်းငယ်လမ်းဖောက်လုပ်ပေးခဲ့ခြင်း၊ မြို့အဝင်အထွက် တံတားကြီးများ ဆောက်လုပ်ပေးခြင်းတို့ကြောင့် မိုးကုတ်၊မန္တလေးနှင့် ဗန်းမော်၊မြစ်ကြီးနားမြို့များသို့ အခက်အခဲမရှိသွားလာနိုင်ပြီဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံတော်မှ ပံ့ပိုးကူညီပေးသဖြင့် ဖွံ့ဖြိုးတိုးတက်လာသော်လည်း ဒေသခံပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်မှ ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း။

မိမိဒေသဝမ်းစာဖူလုံရုံမျှဖြင့် အားရကျေနပ်မနေဘဲ အခြားဖူလုံမှုမရှိသည့် ဒေသများသို့ပါ ကူညီဖြည့်ဆည်းပေးနိုင်အောင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လယ်ယာမြေသစ်ဖော်ထုတ်

လယ်ယာမြေသစ်များဖော်ထုတ်ပြီး တိုးတက်စိုက်ပျိုးနိုင်ရေး၊ တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေး၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းအောင်၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ကောင်းမွန်အောင် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများကလည်း ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မမှန်ကန်သော နည်းလမ်းဖြင့် စီးပွားရှာခြင်း၊ အသက်မွေးဝမ်းကျောင်းပြုခြင်းတို့ကို ရှောင်ကြဉ်ပြီး ထိုသို့လုပ်ကိုင်ဆောင်ရွက်နေသည်များကို တွေ့မြင်သိရှိပါကလည်း တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဖော်ထုတ် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့်မှာကြားသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် မိုးမိတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆေးရုံရှိ အမျိုးသားလူနာဆောင်၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ သွားဘက်ဆိုင်ရာဌာနနှင့် ဓာတ်မှန်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာမောင်တီတို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သွားဆေးကုသခန်းအတွက် အလှူငွေကျပ်ငါးသိန်းကို စိုက်ထူလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်တီက လက်ခံသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုးမိတ်မြို့ ဖွံ့ဖြိုးစည်ပင်တိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နံနက် ၁၁ နာရီတွင် နယ်မြေခံတပ် နားနေခန်းမ၌ ဇူလိုင် ၄ ရက်မှ ၁၂ ရက်အထိ ခရီးစဉ်တစ်လျှောက် လိုက်ပါလာကြသည့် တိုင်းမှူး၊ ဝန်ကြီးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအားခရီးစဉ်တွင် ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်သွားရမည့်ကိစ္စများ၊ ဒေသမှ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ခြုံငုံသုံးသပ် ဆွေးနွေးမှာကြားသည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မိမိဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုးမိတ်မြို့၌ ညအိပ်ရပ်နားသည်။

တွေ့ဆုံအမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇူလိုင် ၁၂ရက် နံနက် ၇နာရီခွဲတွင် နယ်မြေခံတပ်နယ် ပြည်ငြိမ်းအေးခန်းမ၌ တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်နှင့် ၎င်းတို့၏ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော်ကာကွယ်ရေးတာဝန်သာမက နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင်ပါ ပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတာဝန်ကျရာ နယ်မြေတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တပ်တွင်း သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ပြီး တာဝန်ရှိသူအဆင့်ဆင့်က မိမိတို့တပ်တွင်း သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ မိသားစုတစ်ခုချင်းအနေဖြင့်လည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့်မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်များ၏ စိုက်ပျိုးမွေးမြူမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မဂ္ဂင်ကျောင်းတရားစခန်းနှင့်ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်ရှိ အရိယာမဂ္ဂင်ကမ္မဋ္ဌာန်းကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယ အမှူးထား၍ သံဃာတော်အပါး ၅၀တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဦးခင်မောင်စိုး၊ ဦးစိုးလင်းအောင်၊ ဦးမင်းစိုးမင်းသူတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဝါတွင်းသုံးလ လပြည့်၊လကွယ်နေ့တိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံတောင်အမဲစမ်းတောရ၊ မဟာသမဂ္ဂ၊ နှစ်ပါးဂူတို့၏ ဦးစီးဆရာတော်ကြီးက ညစဉ်တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

The Commerce Journal
အတွဲ (၅)၊ အမှတ် (၁၁) ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၅

The Commerce Journal (၄)နှစ်ပြည့် အထူးထုတ် အတွဲ(၅)၊ အမှတ်(၁၁)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါဂျာနယ်တွင် ဆရာမောင်စူးစမ်း၏ ဒေါ်လာ၊ ဆရာအောင်သင်း၏ ကျွန်တော်ကျောင်းဆရာ၊ ဆရာပါရဂူ၏ လူသားနှင့် ငြိမ်းချမ်းရေး၊ ဆရာဦးဟန်ထွန်း၏ ကျားမြီးဆွဲယူရှိ၊ မောင်တိုင်ပင်၏ တရုတ်နိုင်ငံက မြန်မာပို့ကုန်များအပေါ် အခွန်သက်သာခွင့်ပေး၊ ဖိုးသိကြား၏ မြန်မာ့လိပ်များဖမ်းမိ၊ မောင်ပုဆိုးကြမ်း၏ ဝန်ကြီးချုပ်သက်ဆင်နှင့် ထိုင်းစီးပွားရေး၊ သန်းငွေ(စီးပွား)၏ တရုတ်အရင်းအနှီးဈေးကွက်၊ မောင်ကြည်ညို(ဝါဏိဇ္ဇ)၏ ကုန်သွယ်မှုပမာဏ တိုးမြှင့်ရေး၊ ဦးမောင်မောင်(မော်ကျွန်း)၏ မူပိုင်ခွင့်နှင့်နည်းပညာ၊ ကျော်လွင်၏ စိန်တစ်လုံးသရက် စင်ကာပူပို့၊ ဒေးဒရဲ-မြတ်ဆွေ၏ လှုပ်ရှားနေသောမြန်မာ့ရုပ်ရှင်၊ သတင်းထောက်သက်ဝေတို့၏ သုတ၊ ရသစုံ ဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး အမှတ် (၃၈) လမ်း(၃၀) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (သတင်းစဉ်)

မဟာဆေးဝက်ပါ အာလိန်ငါးဆင့်ကျောင်းတိုက် ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၅

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ မဟာဆေးဝက်ပါ အာလိန်ငါးဆင့်ကျောင်းတိုက် ပဓာန နာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂဓမ္မ အမှူးရှိသော သံဃာတော်အပါး ၃၀ကျော်တို့အား ဇူလိုင် ၂၀ ရက် (ဝါဆိုလပြည့်နေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက် ရွှေကျောင်းပေါ်၌ ဝါဆိုသင်္ကန်း ဆက်ကပ်မည်ဖြစ်ရာ မဟာ ဆေးဝက်ပါကျောင်းတိုက် ဖုန်း ၆၄၀၃၆၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၇-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတတရားတော် -တိံသုကောပမသုတ်**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- **၄:၃၀** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၅** ၅။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၆။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ် ရှင်ပြပွဲ(ပထမနှစ်-အရှေ့တိုင်းပညာ)**
- **၅:၃၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၀** ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၅၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄ နာရီ" (အပိုင်း-၂၂)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကန္တာတောခြေ" (အပိုင်း-၁၀)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၄ရက် နံနက်ပိုင်းတွင် အစိုးရနည်းပညာကောလိပ် (မော်လမြိုင်) ပင်မသုံးထပ်ဆောင် တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမော်ထွန်းနှင့် တည်ဆောက်ရေးစီမံကိန်း မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဆန်းမြင့်တို့က ကျောင်းဆောင်သစ်ဆောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လုပ်ငန်းဇယားများရေးဆွဲ၍ လျာထားချက်နှင့်အညီ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများအား အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် မျိုးဆက်သစ်လူငယ်များ အသိပညာ၊ အတတ်ပညာများ၊ နည်းပညာများတတ်မြောက်စေရန် အစိုးရနည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်များ ဖွင့်လှစ်သင်ကြားပြုစု ပျိုးထောင်ပေးလျက်ရှိကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပြီး မိမိနိုင်ငံအတွက် လမ်းကြောင်းမှန်ရောက်အောင် ဆရာ၊ ဆရာမများက ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်သည်နှင့်အမျှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်၍ ဆရာ၊ ဆရာမများသည် ပညာရှင်မျိုးဆက်သစ်များ ပေါ်ထွန်းရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အစိုးရနည်းပညာကောလိပ် (မော်လမြိုင်) ပင်မသုံးထပ်ဆောင် တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့်အတူ အဝေးပြေး ယာဉ်ရပ်နားစခန်း(မော်လမြိုင်) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဟုမ်းတောက်ဆောက်လုပ်ရေးတာဝန်ခံ ဦးလှမြင့်က အဝေးပြေးယာဉ်ရပ်နားစခန်း၌ မှန်လုံယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်း၊ စတိုးဆိုင်နှင့် စားသောက်ဆိုင်များ တည်ဆောက်ခြင်းနှင့် ပေ ၃၀ x ၆၀ အဆောက်အအုံ ၇၃လုံး ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပေါင်မြို့နယ် ရင်းငြိမ် ရေထိန်းတံခါး တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူးဦးလှမြင့်က လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးလှမြင့်က ရင်းငြိမ် ရေထိန်းတံခါး တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးနှင့် ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးရေး စီစဉ်ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရင်းငြိမ်ရေထိန်းတံခါးသည် ရေဆင်းဧရိယာ ၃၁ ဒသမ ၂၅ စတုရန်းမိုင်ရှိပြီး ရေတံခါးအရွယ်အစား ၆x၁၆ပေ၊ ရေတံခါးပေါက် ၄၀၊ ရေခေါ်မြောင်းမကြီး အလျားပေ ၂၆၀၀ရှိပြီး ရေထုတ်မြောင်းမကြီး အလျားပေ ၂၄၀၀ရှိ၍ ကွန်ကရစ် ရေထိန်းတံခါးအမျိုးအစားဖြစ်သည်။ ရေထိန်းတံခါးပြီးစီးပါက ရေထိန်းတံခါး ဝဲ၊ ယာ ပတ်ဝန်းကျင် လယ်မြေဧက ၂၀၀၀၀ကိုရေကြီး နစ်မြုပ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာဦးစိုးဝင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သထုံခရိုင်မန်နေဂျာဦးသန်းထွန်းတို့အား ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပေါင်မြို့နယ် ရင်းငြိမ်တောင်၌ တောင်သူဦးသိန်းဟန်၏ လယ်ယာမြေတွင် ကောက်စိုက်လုံမေများ၏ ရွှေပြည်တန်မျိုးစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာဦးစိန်ဝင်းက ပေါင်မြို့နယ်၏ မျိုးစပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် တိုးချဲ့စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လာမည့်နှစ် ရင်းငြိမ်ရေထိန်းတံခါး တည်ဆောက်ပြီးစီးပါက ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဒေသခံတောင်သူများအား တွေ့ဆုံ၍ အထွက်ကောင်းသည့် မျိုးကောင်းမျိုးသန့်စပါးမျိုးများ စိုက်ပျိုး၍ ဓာတ်မြေဩဇာများ စနစ်တကျထည့်သွင်းဆောင်ရွက်ရေး၊ မိမိဒေသနှင့် ကိုက်ညီသည့်စပါးများကို စိုက်ပျိုးရေး၊ လယ်ယာသုံးပစ္စည်းများဖြစ်သည့် လက်တွန်းထွန်စက်များကို အရစ်ကျစနစ်ဖြင့် ဝယ်ယူအသုံးပြုဆောင်ရွက်ရေး၊ စပါးကောက်ကွက်ပြည့်မီအောင် စိုက်ပျိုး၍စိုက်နည်းစနစ် မှန်ကန်စွာ ဆောင်ရွက်ရေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး မနောသုခဆင်းသွယ်လတ် မျိုးစပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

❖ တိုင်းပြည်နှင့် လူမျိုးမှ

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် အခြေခံစည်းရုံးရေးသင်တန်းများကို စည်းရုံးရေးမှူးကောင်း၊ တည်ဆောက်ရေးမှူးကောင်းများဖြစ်လာစေရန်၊ လူငယ်များ၏ ဗဟုသုတ၊ အသိဉာဏ်၊ နည်းပညာများ မြင့်မားလာပြီး လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ အမာခံအင်အားစုများ ဖြစ်လာစေရန် စသည့် ရည်ရွယ်ချက်သုံးရပ်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အရာရာကို ပညာဖြင့်စေစားဆောင်ရွက်လျက်ရှိကြောင်း၊ နောင်အနာဂတ်တွင် ပညာ၏အခန်းကဏ္ဍသည် ပိုမို၍ အရေးပါလာမည်ဖြစ်ရာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းက ပို့ချသည်များကို အလေးထားသင်ယူ၍ မိမိတို့၏ အသိဉာဏ်ပညာ ဗဟုသုတများတိုးပွားလာအောင် ကြိုးပမ်းကြစေလိုကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအသင်းကြီးဖြစ်ကြောင်း၊ အမျိုးသားအကျိုးစီးပွားကိုဆောင်ရွက်ရာ၌ လွယ်ကူသည့် လုပ်ငန်းများရှိမည်ဖြစ်သကဲ့သို့ ခက်ခဲသိမ်မွေ့စွာဆောင်ရွက်ရမည့် လုပ်ငန်းများလည်းရှိမည်ဖြစ်ကြောင်း။

ခက်ခဲသိမ်မွေ့သည့် လုပ်ငန်းများကို အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်သည့် အရည်အချင်းရှိသူများ၊ အသင်းကြီး၏ အမာခံအင်အားစုများရှိရန် များစွာလိုအပ်ကြောင်း။

တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသည့်၊ အခြေခံမှန်ကန်သော စိတ်သဘောထားရှိသည့် အမာခံအင်အားစုများကို လေ့ကျင့်ပျိုးထောင်မွေးထုတ်သွားရမှာဖြစ်ကြောင်း။

မိမိတို့အသင်းကြီး၏ အဓိကအားသည် စည်းရုံးရေးဖြစ်ကြောင်း၊ စည်းရုံးမှုဖြင့် အောင်မြင်ရေး၊ အောင်မြင်မှုဖြင့် စည်းရုံးရေးဟူသည့် ဆောင်ပုဒ်နှင့်အညီ စည်းရုံးရေးမှူးကောင်းများ ဖြစ်အောင်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်သူများဖြစ်အောင် အားထုတ်သွားကြရန် မှာကြားလိုကြောင်း။

ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်

နိဂုံးချုပ်အားဖြင့် အသင်းဝင်များသည် အသင်းနာယကကြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ဒို့တာဝန်အရေး (၃)ပါးကို အသက်နှင့်လဲ ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်၊ အခက်အခဲတွေ့ပါက ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ကျော်လွှားမည်ဆိုသည့် စိတ်ဓာတ်များနှင့် ပြည့်စုံအောင် မွေးမြူသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသား၊ သင်တန်းသူ ၆၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ပန်းတစ်ပွင့်တောင် ဝါဆိုသင်္ကန်းကပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာ့နယ်မြေ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရကို အမှူးထား၍ အဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဇူလိုင် ၂၀ရက် (ဝါဆိုလပြည့်နေ့) နံနက် ၈နာရီတွင် အဆိုပါ ပန်းတစ်ပွင့်တောင် သာသနာ့မြေ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ အချိန်မီကြွရောက်ကြရန် နိုးဆော်ထားသည်။ (က-ပ)

ဇူလိုင် ၁၅ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့ (၅၉)နှစ်မြောက် ဘရူနိုင်းဘုရင့်မွေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းနိုင်ငံသံအမတ်ကြီး H.E. Pehin Dato Haji Hussin bin Haji Sulaiman **နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

ကမ္ဘာ့ရေကူးပြိုင်ပွဲယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၅

ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့တွင် ဇူလိုင် ၁၇ရက်မှ ၃၁ရက်အထိ ကျင်းပမည့်(၁၁)ကြိမ်မြောက် ကမ္ဘာ့ရေကူးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ကမ္ဘာ့ရေကူးအဖွဲ့ချုပ် ညီလာခံသို့ တက်ရောက်ရန်အတွက် မြန်မာရေကူးအဖွဲ့သည် ဇူလိုင် ၁၂ရက် နံနက် ၈နာရီက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာရေကူးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းမောင် (စိန်လှုံ)၊အုပ်ချုပ်သူနည်းပြအဖြစ် ဦးချိုမောင် (အတွင်းရေးမှူး၊ အဖွဲ့ချုပ်)၊ အားကစားသမားများအဖြစ် ရန်လင်းအောင်နှင့် အောင်ကျော်မိုးတို့လိုက်ပါသွားကြသည်။

ယှဉ်ပြိုင်

ရန်လင်းအောင်သည် မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၅၀နှင့် ၁၀၀ အလွတ်ကူးပြိုင်ပွဲတို့တွင် ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ပြီး အောင်ကျော်မိုးသည် မီတာ ၅၀၊ ၈၀၀၊ ၁၅၀၀ အလွတ်ကူးပြိုင်ပွဲနှင့် မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတို့၌ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်အနေဖြင့် ပထမဦးဆုံးအကြိမ်ဝင်ရောက် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ပို့ဆောင်

မြန်မာရေကူးအဖွဲ့အား မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လိုက်ပါပို့ဆောင်ကြသည်။ **(ဓဲပုံ)**

(ကြေးမုံ)

ကမာရွတ်မြို့နယ် မြကန်သာအိမ်ရာနေ ဦးခင်မြင့်-ဒေါ်မေမိုးနွယ် မိသားစုက အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀ ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌဦးကျော်သူနှင့် ပြန်ကြားရေးအဖွဲ့ဝင် ဦးညီကျော်တို့ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

နိုင်ငံဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေး တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်

တာဝန်ရှိသူများ အောက်ခြေအထိကွင်းဆင်း၍ ကျေးလက်ဖွံ့ဖြိုးရေး အောင်မြင်အောင်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၅

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကမ်းသာယာတွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ကမ်းသာယာနှင့်ကျိန္တလီလမ်းတစ်လျှောက် မော်တော်ကားလမ်းများ၏အခြေအနေနှင့် ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ မိုးစပါးစိုက်ပျိုးနေမှု အခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း သံတွဲ–ဂျိတ္တောလမ်းမြေပြင် (ငပလီရွှေဝါချိုင်)ရပ်ရှိ ဟိုတယ်လုပ်ငန်းရှင်များ၏ ဟိုတယ် တည်ဆောက်နေမှုလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် ကျိန္တလီမြို့၌ အသစ်ဆောက်လုပ်ထားသော ရဲစခန်းသို့ ရောက်ရှိကြပြီး ရဲစခန်းသို့ဝင်ရောက်သည့် ကားလမ်းနှင့် ရဲစခန်းဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ သံတွဲခရိုင် ရဲတပ်ဖွဲ့မှူးရဲမှူးဝင်းကိုနှင့် စခန်းမှူးရဲအုပ်ဌေးလွင်တို့က ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရဲစခန်းကို တိုးတက်ကောင်းမွန်အောင် စနစ်တကျ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အား ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေး ဆောင်ရွက်ပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး ရဲစခန်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် ကျိန္တလီမြို့ရှိ စုပေါင်းရုံးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမသစ်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ကျိန္တလီမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေကိန္နရီခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

အစီအစဉ်အရကျိန္တလီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်ဦးက မြို့၏ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး လှတင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ဤမြို့၏ ပင်မစီးပွားရေးဖြစ်သည့် ရေလုပ်ငန်းအပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုလည်း တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀ မျိုးအနက် ဒေသနှင့် ကိုက်ညီသော သီးနှံများ၊ ဈေးကောင်းရသည့် ရော်ဘာနှင့် ငရုတ်ကောင်းတို့ကိုလည်း တိုးတက်စိုက်ပျိုးရန်လိုကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်၏ ဒေသအသီးသီးတွင် မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်ပြီး နိုင်ငံ ဖွံ့ဖြိုးရေး၊ မိမိဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း အောက်ခြေအထိ ကွင်းဆင်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အား ထိရောက်အောင်မြင်အောင် ပြည်သူလူထုနှင့် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အခမ်းအနား တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကျိန္တလီမြို့၏ ၂၀၀၅–၂၀၀၆ ခုနှစ် မိုးစပါး စိုက်ပျိုးပြီးစီးမှုအနေဖြင့် လျာထားဧက ၁၀၃၇၉ ဧကတွင်ပျိုးထောင်ပြီး ၉၅၅၇ ဧကနှင့် ယနေ့ထိ စိုက်ပျိုးပြီးစီးမှုမှာ ဧက ၁၆၀ ဖြစ်သည်။

ရော်ဘာစိုက်ပျိုးမှုအနေဖြင့် ရော်ဘာ ၇၅ ဧကစိုက်ပျိုးရန် မြေနေရာ ရှာဖွေပြုပြင်ထားရှိပြီးဖြစ်သည်။

ထို့အပြင် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် တစ်အိမ်ထောင်လျှင် ငရုတ်ကောင်းအပင် ၅၀ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် ငရုတ်ကောင်းပျိုးပင်များကို ပျိုးထောင်စီစဉ် ဆောင်ရွက်ပြီးဖြစ်သည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ကျိန္တလီ–သံတွဲ ကားလမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ မိုးစပါးစိုက်ပျိုးရန် မြေယာထွန်ယက်ထားရှိမှု၊ ပျိုးထောင်ထားရှိမှုနှင့် မိုးစပါး စိုက်ပျိုးပြီးစီးမှုများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် သံတွဲမြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း စက်မှုကုန်ကြမ်းစီမံရေးဌာန၏ ငပလီရော်ဘာခြံသို့ ရောက်ရှိကြပြီး ရော်ဘာခြံ ဧည့်ခန်းမ၌ ခြံမန်နေဂျာ ဦးမင်းစွမ်းရည်က ငပလီရော်ဘာခြံ၏ တည်နေရာ၊ မြေအမျိုးအစားနှင့် ခြံဧရိယာ အကျယ်အဝန်း၊ လက်ရှိအစေးလှီးဧရိယာ၊ ရော်ဘာပျိုးခင်းလုပ်ငန်းနှင့် ရော်ဘာထုတ်လုပ်မှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးယုတင်က ရော်ဘာမျိုးများနှင့် စိုက်ပျိုးနည်းစနစ်များကိုလည်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရော်ဘာစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ပျိုးထောင်စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့ ဝန်ကြီးဌာနအတွက် လိုအပ်သော စက်မှုကုန်ကြမ်းကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် ကုန်ထုတ်စွမ်းအားကိုလည်း တိုးမြှင့်နိုင်မည် ဖြစ်ကြောင်း၊ ယခုထက်ပိုမို၍ ရော်ဘာကို တိုးချဲ့စိုက်ပျိုးရန်လိုကြောင်းဖြင့် တာဝန်ရှိသူများအား မှာကြားပြီး ပိုလီကလုံး ရော်ဘာမျိုးစေ့ ၆၀၀၀၀ အစို့ဖောက်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင်သံတွဲတပ်နယ်သို့ရောက်ရှိကြပြီး တပ်နယ်ခန်းမ၌ သံတွဲတပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးတက်ရရှိရေး၊ မိသားစုဝင်များ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူ အဆင့်ဆင့်တို့က ဖြည့်ဆည်း ဆောင်ရွက်ပေးရန် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် သံတွဲ–ဂျိတ္တောလမ်းမြေပြင်(ငပလီရွှေဝါချိုင်)ရပ်ရှိ ဟိုတယ်လုပ်ငန်းရှင်များ၏ ဟိုတယ်တည်ဆောက်နေမှု လုပ်ငန်းခွင်များသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ထူးထရေးဒင်း ကုမ္ပဏီလီမိတက်က တည်ဆောက်လျက်ရှိသည့် Treasure ငပလီကမ်းခြေဟိုတယ်တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ မန်နေဂျာဦးတင်မောင်တိုးက ဧည့်ခန်း၊ အိပ်ခန်းနှင့် ရေချိုးခန်းတို့ပါဝင်သည့် နှစ်ခန်းတွဲတည်းခိုဆောင် အဆောက်အအုံ ၂၁ လုံး တည်ဆောက်နေမှု၊ စားသောက်ခန်းမတစ်ဆောင်၊ ဧည့်ကြိုဆောင်တစ်ဆောင်၊ရေကူးကန်တစ်ခုနှင့် နေဝင်ချိန်ကြည့် သဲသောင်ပြင် ဝရန်တာ Sunset Deck တည်ဆောက်မှု လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ Treasure ငပလီကမ်းခြေ ဟိုတယ် တည်ဆောက်ရေးစီမံကိန်းအနေဖြင့် ယခုလာမည့် အောက်တိုဘာလတွင် ပထမအဆင့်အဖြစ် အခန်း ၂၀ ကို ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပတ္တမြားနဂါး ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က တည်ဆောက်နေသည့် Jade Marina Resort (Ngapali) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ခံမန်နေဂျာ ဦးစိုင်းဖေသိန်းက ဘန်ဂလိုအလုံး ၂၀ တည်ဆောက်နေမှု၊ စားသောက် ခန်းမတစ်ဆောင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်နှင့် မီးဖိုဆောင်၊ နှစ်ထပ်တည်းခိုဆောင်သုံးဆောင်နှင့် ရေကူးကန် တစ်ကန် တည်ဆောက်နေမှုတို့တွင် လုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဟိုတယ်တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပတ္တမြားနဂါး ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်အနေဖြင့် Jade Marina Resort (Ngapali) အတွက် ဘန်ဂလိုအလုံး ၂၀ ကို ၂၀၀၆ ခုနှစ် ဧပြီလတွင် အပြီးတည်ဆောက် ဖွင့်လှစ်နိုင်မည် ဖြစ်သည်။

ယင်းနောက် ပုဂံ သံတဲ ဟိုတယ် အုပ်စုမှ တည်ဆောက်နေသည့် သံတဲကမ်းသာဟိုတယ် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးကြရာ စီမံကိန်းမန်နေဂျာနှင့် စီမံကိန်းအင်ဂျင်နီယာတို့က နှစ်ခန်းတွဲ ဘန်ဂလို ၁၃ လုံး၊ လေးခန်းတွဲနှစ်ထပ်ဘန်ဂလိုအဆောက်အအုံ သုံးလုံး၊ ဧည့်ကြိုဆောင်၊ စားသောက်ခန်းမနှင့် မီးဖိုဆောင် ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းပြသသည်။

သံတဲကမ်းသာ ဟိုတယ်အနေဖြင့် ယခုလာမည့် ဒီဇင်ဘာလတွင် အခန်း ၁၆ ခန်း ဖွင့်လှစ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် သံတွဲမြို့ရှိ အဏ္ဏဝါရိပ်သာသို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

စနူကာပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော 2nd Anniversary Russian Pool (Handicap) ပြိုင်ပွဲနှင့် Snooker (Handicap) ပြိုင်ပွဲများ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၁ ရက်က ရန်ကုန်မြို့ Dagon Centre Shopping Mall ရှိ Apex Snooker and Pool Centre ၌ ကျင်းပသည်။

Snooker (Handicap) ပြိုင်ပွဲတွင် ပထမ ချိုမင်းဦး၊ ဒုတိယ ဇော်အောင်၊ တတိယ မိုးမိုးအောင်တို့အား လည်းကောင်း၊ Russian Pool (Handicap) ပြိုင်ပွဲတွင် ပထမ ကိုပြည့်၊ ဒုတိယ ခင်မောင်ဇော်နှင့် တတိယ မိုးကျော်တို့အား လည်းကောင်း၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးဝင်းမြင့်မြတ်၊ ဒိုင်ချုပ် ဦးဝင်းမြင့်နှင့် Apex Snooker and Pool Centre မှ ဒါရိုက်တာ ဦးမေတ္တာတို့က ဆုဖလားနှင့် ဆုကြေးများကို ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနမှ ကလေးများအတွက် မိဘများအား ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကျန်းမာရေး ပညာပေးဟောပြောမည့် ဆရာဝန်ကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်လှလှမြင့်က ကလေးသူငယ်များတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါအကြောင်းကို လည်းကောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ကူးစက်ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြသန်းနွယ်က ကမ္ဘာ့တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အကြောင်းကို လည်းကောင်း အသီးသီး ဟောပြောကြသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျန်းမာရေး အသိပညာပေးဟောပြောကြသော ဆရာဝန်ကြီးများအား ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဖြူးကုန်းတောရစာသင်တိုက် ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် ဖြူးကုန်းတောရစာသင်တိုက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တ အာစိဏ္ဏ(အဂ္ဂမဟာ ပဏ္ဍိတ) အမှူးပြုသော သံဃာတော်အပါး ၈၀ တို့အား အဆိုပါ ကျောင်းတိုက်၌ ဇူလိုင် ၂၀ရက် နံနက် ၉နာရီတွင် ဝါဆိုသင်္ကန်း ကပ်လှူကြမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ (က-ပ)

သဃ်န်းကျွန်း ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း မိသားစု၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၅ရက်ကကျင်းပရာ ကျောင်းတာဝန်ခံ ဆရာမ ဒေါ်မြင့်မြင့်အေးနှင့် ဆရာမများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (ပညာရေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနမှ ကလေးများအတွက် မိဘများအား ကျန်းမာရေး အသိပညာပေး ဟောပြောပွဲတွင် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ကူးစက်ရောဂါ အထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်မြသန်းနွယ်က ကမ္ဘာ့တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာအကြောင်း ဟောပြောစဉ်။ (သတင်းစဉ်)

မြို့မဟောင်းအသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၅

မြို့မကျောင်းသား၊ကျောင်းသူဟောင်းအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၀ရက် နံနက် ၁၀နာရီတွင် အမှတ်(၆၈)၊ စကားဝါလမ်း ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်းနှင့် အလှူငွေ လှူဒါန်းလိုသူများ အသင်းတိုက် ဖုန်း-၂၅၀၁၅၃သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

ဇွန်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၆၀ ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၁၅

၂၀၀၅ခုနှစ် ဇွန်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း ၂၆၀ ဖမ်းဆီးနိုင်ခဲ့ရာ ဘိန်း ၃၅မှု အလေးချိန် ၄၂ ဒသမ ၃၇၉၈ ကီလို၊ ဘိန်းဖြူ ၁၀၃မှု အလေးချိန် ၈ ဒသမ ၁၅၈ ကီလို၊ ဘိန်းညိုတစ်မှု အလေးချိန် ဒသမ ၀၈၉၈ ကီလို၊ ဘိန်းဆီငါးမှု အလေးချိန် ဒသမ ၀၇ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၄မှု အလေးချိန် ဒသမ ၉၂၆ ကီလို၊ ဆေးခြောက်အမှု ၂၀ အလေးချိန် ၂၄ ဒသမ ၀၁၂၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၄ မှု ၁၇၂၄၀၉ပြား၊ ဘိန်းစာမှုန့်နှစ်မှု အလေးချိန် ဒသမ ၈၈၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးခဲ(အိုက်စ်)တစ်မှု အလေးချိန် ဒသမ ၀၁၈၃ကီလို၊ မှတ်ပုံတင်ပျက် ၁၁မှု၊ အခြားအမှုလေးမှု ဖမ်းဆီးရမိခဲ့သည်။

၂၀၀၅ခုနှစ် ဇွန်လတွင် အမှုပေါင်း ၂၆၀ ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၃၁၂ဦး၊ တရားခံ အမျိုးသမီး ၆၈ဦး စုစုပေါင်း တရားခံ ၃၈၀တို့အား ဥပဒေအရ အရေးယူခဲ့သည်။

၂၀၀၅ခုနှစ် ဇွန်လအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများအနက် ထူးခြားဖြစ်စဉ်များမှာ ဇွန် ၆ရက်တွင် တားဆီးနှိမ်နင်းရေးပူးပေါင်းအဖွဲ့သည် သတင်းအရ ချမ်းမြသာစည်မြို့နယ် ၇၁X၇၂လမ်းကြား ရွှေနှင်းဆီလမ်းပေါ်၌ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်အမှတ် မတလ/၉၉၇၆၈ ကို စီးလာသူ အုန်းလွင်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့် ဘိန်းဆီခဲအလေးချိန် ဒသမ ၀၀၂၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ်အတွင်း မြေကြီးထဲ၌ မြှုပ်နှံထားသည့် စဉ့်အိုးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀၊ အိပ်ခန်းအတွင်းမှ အဆင့်နိမ့် ဘိန်းအလေးချိန် ဒသမ ၀၀၁၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် အုန်းလွင်နှင့်အမှုတွင် ဆက်စပ်ပါဝင်သူများဖြစ်သော လောက်အန်း(ခ)စိန်မြင့်၊ ကျားရုံ၊ အားတီတို့အား မန္တလေး အမှတ်(၁၁) ရဲစခန်းက ဥပဒေအရ အရေးယူထားသည်။

ဇွန် ၁၂ရက်တွင် တားဆီးနှိမ်နင်းရေးပူးပေါင်းအဖွဲ့သည် သတင်းအရမုံးကိုးမြို့ ဖောင်မော်ကျေးရွာ အုပ်စု မန့်မောင်ကျေးရွာနေ လဂျာ(ခ)ကျော်မြင့်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းစားပွဲ ပေါ်မှ ဘိန်းဖြူဘလောက်တုံး ၁၀တုံး စုစုပေါင်းအလေးချိန် ၃ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် လဂျာ(ခ)ကျော်မြင့်နှင့် ဘိန်းဖြူပိုင်ရှင် လောက်ယုံတို့နှစ်ဦးအား မုံးကိုးရဲစခန်းက ဥပဒေအရ အရေးယူထားသည်။ (သတင်းစဉ်)

မဟာဝိသုဒ္ဓါရုံ ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၅

မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ တရားစခန်းဖွင့်မည်ဖြစ်ရာ မိုးကုတ်နယ်လှည့်ဓမ္မကထိက မဟာဝိသုဒ္ဓါရုံ ကျောင်းဆရာတော်နှင့် နယ်လှည့်ဓမ္မကထိက ရေနီဆရာတော်တို့က တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသောပုဂ္ဂိုလ်များ ဇူလိုင် ၁၉ရက်(အင်္ဂါနေ့) ညနေ ၃နာရီအရောက် အိပ်ရာလိပ်နှင့် အသုံးအဆောင်ပစ္စည်းများနှင့်အတူ လာရောက်ရမည်ဖြစ်သည်။ (က-ပ)

မြို့သစ်မြို့နယ်၌ ဥက္ကာပျံခဲများကျရောက် ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် သဘာဝသမိုင်းပြတိုက်တွင် ပြသထား

ရန်ကုန် ဇူလိုင် ၁၅

မကွေးတိုင်း မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာအုပ်စု ရုံးတောကျေးရွာ မြင်းစုကျေးရွာနှင့် မလုံးခန်းရဲရင့်ကန်တိုက်တဲစုအနီးသို့ ၂၁-၆-၂၀၀၅ရက်တွင် ဥက္ကာပျံခဲများ ကောင်းကင်မှ ကျရောက်ခဲ့သည်။

အဆိုပါဥက္ကာပျံခဲများအနက် အလေးချိန် ၁၅ဒသမ ၅ ကီလိုဂရမ်ရှိပြီး အရွယ်ပမာဏ အလျား ၁၁ လက်မ၊ အနံ ၉ လက်မရှိသော ဥက္ကာပျံခဲကို တိရစ္ဆာန်နှင့်ပန်းဥယျာဉ်(ရန်ကုန်)၊ သဘာဝသမိုင်းပြတိုက်တွင် အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန်အတွက် ၁၄-၇-၂၀၀၅ရက်မှစ၍ ပြသထားလျက်ရှိကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် မြန်မာ့ပရဆေး၊ သစ်သီးဝလံပန်းမန် အလှစိုက်ပျိုးခင်းများ ဖွင့်ပွဲကို ဇူလိုင် ၁၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းရှေ့မြက်ခင်းပြင်၌ စိုက်ပျိုးရန် စုပေါင်းမြေပြုပြင်ကြစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၇-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၅ ၅။ အတီးပြိုင်ပွဲ

၈း၁၀ ၆။ တေးဂီတအစီအစဉ်

၈း၂၀ ၇။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား

၈း၃၀ ၈။ International News.

၈း၄၅ ၉။ Grammar Made Easy.

၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး

၁၁း၁၅ ၂။ တေးဂီတအစီအစဉ်

၁၁း၃၀ ၃။ ပြည်တွင်းသတင်း

၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂း၀၀ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်

၁၂း၄၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့်မိစ္ဆာခွင်းဓား" (အပိုင်း-၂၀)**

၁း၁၅ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ

၁း၂၅ ၈။ **လောကနီတိ(၅) "မေတ္တာအတိမ်အနက်ကို ချိန်စက်၍ကြည့်သောအခါ" (ပိုင်ဖေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ခင်ဇော်)**

၂း၁၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၂း၃၀ ၁၀။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပြင်ဆင်ကြိုးစား ရွက်လှေအားကစား

၂း၄၅ ၁၁။ International News.

၃း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ English For Everyday Use.

၄း၄၅ ၄။ တေးဂီတအစီအစဉ်

၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)

၅း၁၀ ၆။ အကပြိုင်ပွဲ

၅း၂၅ ၇။ တေးဂီတအစီအစဉ်

၅း၃၅ ၈။ မြင်းခြံစိန်ဗိုလ်သင်းဆိုင်းအဖွဲ့ ဖျော်ဖြေခန်း

၅း၅၀ ၉။ မြန်မာစာ၊ မြန်မာစကား

၆း၀၀ ၁၀။ တေးဂီတအစီအစဉ်

၆း၁၀ ၁၁။ **"မင်းမသိသေးပါဘူးကွာ" (ရော၊ ၄က်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)**

၆း၁၅ ၁၂။ တေးဂီတအစီအစဉ်

၆း၃၀ ၁၃။ ညနေခင်းသတင်း

၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ

၇း၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ" (အပိုင်း-၃၉)**

၇း၄၀ ၁၆။ တေးဂီတအစီအစဉ်

၈း၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၅၈)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

ဒေသခံပြည်သူများ ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် မမှန်ကန်သော နည်းလမ်းဖြင့် စီးပွားရှာခြင်းကို ရှောင်ကြဉ်

ရန်ကုန် ဇူလိုင် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် မိုးမိတ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီ မိနစ် ၂၀ တွင် မိုးမိတ်မြို့ ညောင်ပင်စောက် အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းသား၊ ကျောင်းသူလေးများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုကြိုဆိုကြသည်။**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✧

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် မတ္တရာမြို့နယ် လက္ကောင်းကြီး ကျေးရွာအုပ်စုရှိ တောင်သူဦးအုန်းမောင်၏ လယ်မြေတွင် မြေပြင်ထွန်ယက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ဖွင့်လှစ်သည့် အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၂၃) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြား စဉ်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၅-၇-၂၀၀၅

မိုးကုတ်

၂ ဒသမ ၄၀ လက်မ

မိုးကောင်း

၂ ဒသမ ၂၈ လက်မ

မြစ်ကြီးနား

၁ ဒသမ ၄၆ လက်မ



မြို့သစ်မြို့နယ်မှ ဥက္ကာပျံခဲ သဘာဝသမိုင်း ပြတိုက်တွင် ပြသထား

သတင်း-စာမျက်နှာ ၁၃

တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသည့် အမာခံအင်အားစုများ လေ့ကျင့်ပျိုးထောင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်သူများဖြစ်အောင် အားထုတ်

မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၃)ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီ တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဦးအောင်မြတ်လမ်းရှိ မြို့နယ်အသင်းရုံးခန်းမဥ္စကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဇော်လင်းနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✦